# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၉၇)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ တနင်္လာနေ့။


**ကံ ဉာဏ် ဝီရိယ ညီညွတ်မျှတမှု**

- ကံဟုမူလ၊ သမ္ဘူတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။
- ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။
- လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

(မယဒေဝ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်၊ ဂုဏ်ပြုစစ်ကြောင်းများ၏ အလေးပြုခြင်းခံယူ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂုဏ်ပြုစစ်ရေးပြတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုစစ်ကြောင်းများ၏အလေးပြုခြင်းကို ခံယူသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့်ဇနီးဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻


ရာပြည် ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည်

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နှစ်ဦးသမယ ဗိုလ်ရှုသဘင်မှသည်

အောင်စေသတည်း။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအခါ၌ ဤငါတို့ မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်သတည်း။

ဤသို့လျှင် လွတ်လပ်ရေးကျောက်တိုင်ကြီး၌ ကျောက်ထက်အက္ခရာတင်ကာ မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရခဲ့သည်မှာ ယခုအခါ (၆၇)နှစ်သို့တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးနှစ်ပတ်လည် လွတ်လပ်ရေးနေ့ဖြစ်သည့် ၁၉၄၉ ခုနှစ်မှသည် ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီခေတ် တစ်လျှောက်လုံး လွတ်လပ်ရေးအောင်ပွဲကို ဗိုလ်ရှုသဘင်နှင့်ခမ်းခမ်းနားနား ကျင်းပခဲ့သည်။ ယင်းနောက် ရာစုနှစ်ဝက်တစ်ခုကျော်ကြာ ဗိုလ်ရှုသဘင်ကို မကျင်းပနိုင်ခဲ့ဘဲ မိမိတို့နိုင်ငံတွင်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည့်ကာလ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယသို့ရောက်မှသာလျှင် ဗိုလ်ရှုသဘင်အခမ်းအနားကို ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။

နယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ပြီးနောက် နှစ်ပေါင်း ၅၀ ကျော်ကြာ မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းတစ်လျှောက် ပဋိပက္ခများနှင့် အကျပ်အတည်းများကို ကာလကြာမြင့်စွာ ဖြတ်သန်းခဲ့ရသည့်အတွက် အခြားနိုင်ငံများထက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်ကိုလည်း သင်ခန်းစာရခဲ့ကြပြီဖြစ်သည်။ ယနေ့ မိမိတို့၏ မျက်မှောက်သမိုင်းသည် နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်သစ်စနစ်သစ်တစ်ခုကို ကူးပြောင်းနေဆဲကာလဖြစ်သည်။

ဒီမိုကရေစီအသွင် ကူးပြောင်းရေးဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍစုံ၌လွှမ်းခြုံပြီး ပြုပြင်ပြောင်းလဲရေး ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းစသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ်နောက်ကျကျန်ရစ်ခဲ့ရသည့် နိုင်ငံကို ဘက်ပေါင်းစုံမှ ပြန်လည်မြှင့်တင်နေခြင်းလည်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိသကဲ့သို့ စိန်ခေါ်မှုများကိုလည်း မိမိတို့ရင်ဆိုင်ခဲ့ကြရသည်။ ထို့ပြင် မိမိတို့ ဖြတ်သန်း ကြရဦးမည့် ၂၀၁၅ နှစ်သစ်တွင်လည်း ရင်ဆိုင်ကြရဦးမည့် စိန်ခေါ်မှု များက ရှေ့တွင်စောင့်ကြိုနေပြီဖြစ်သည်။

လက်ရှိရရှိထားပြီးဖြစ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်ရှင်သန်ရေး၊ ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်ဆင့်မှသည် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးတို့သည် မိမိတို့ ကျော်လွှားကြရမည့် စိန်ခေါ်မှုများပင်ဖြစ်သည်။

မိမိတို့ မျက်ဝါးထင်ထင်ရှုမြင်ခဲ့ကြရပြီဖြစ်သည့် ဗိုလ်ရှုသဘင်ကြီးသည် နိုင်ငံလွတ်လပ်ရေးကို ရယူပေးခဲ့ကြသကဲ့သို့ ရရှိပြီးဖြစ်သည့် အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို ပြန်လည်ဆုံးရှုံးမသွားစေရေးအတွက် အကာအကွယ်ပေးခဲ့ကြသည့် သူရဲကောင်းများကို ဂုဏ်ပြုခြင်းဖြစ်သလို ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာလာပြီဖြစ်ကြောင်းကိုလည်း သက်သေပြသည့်ပွဲပင်ဖြစ်သည်။ နှစ်ဦးကာလတွင်ကျင်းပသည့် လွတ်လပ်ရေးနေ့နှင့် ဗိုလ်ရှုသဘင်မှသည် မိမိတို့အားလုံး ဖြတ်သန်းကြရဦးမည့်အနီးဆုံးသော အနာဂတ်ကာလတစ်နှစ်တာအတွင်း ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်ရေးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်ဟု မြန်မာ့အလင်းက တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ဓမ္မပူဇာသဘင် နှိုးဆော်လွှာ

သာသနပတိတရေအသင်း နေပြည်တော်မှ ပင့်ဖိတ်စီစဉ်ထားသော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မသိပ္ပံပါမောက္ခချုပ်၊ စစ်ကိုင်းတောင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ မဟာထေရ်မြတ်ကြီးက တရားတော်များ ဟောကြားတော်မူမည် ဖြစ်ပါသည်။

ဓမ္မပူဇာသဘင်အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၇ ရက် (ဗုဒ္ဓဟူးနေ့)၊ ၈ ရက် (ကြာသပတေးနေ့)၊ ၉ ရက် (သောကြာနေ့)များ၌ ညစဉ် ၇ နာရီခွဲအချိန်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## လွတ်လပ်ရေးအောင်ပွဲ

(တေးထပ်)

❖ ခြောက်ဆယ့်ခုနစ်ကြိမ် ထိန်လျှမ်းလို့၊
လွတ်ပန်းတော့ကြုံပြီ၊
ညွတ်နန်းကြော့ ဗိုလ်ရှုခံ(ဝယ်)
ကြိုမှုရန်ပြင်လို့၊
မုန်းစိတ်နှင့် အမျက်မာန်ကို၊
တစ်သက်ပန် ကင်းကြကုန်စို့။
ညီညာမှ ပြည်သာမယ်၊
စည်လာဘွယ်မချို့။

❖ သည်လာနယ် မြင်သမို့ပေမို့၊
ထင်သလို့ကြေညာ။
ဆန်ရွှေငွေ ရေနံသစ်၊
မြေယံဖြစ်ထွန်းတဲ့ ပြည်ပါ။
ငြိမ်းချမ်းကို တိမ်းမြန်းပါသော်၊
ကိမ်းခန်းမှာ ကမ္ဘာလွှမ်းပါလို့၊
မေတ္တာပန်း စီရရီ၊
ပွင့်ကြပေသည်။

❖ ပြည်ထောင်စု ကမ္ဘာတည်အောင်၊
ညီညာမည် လူတိုင်းပဲ့လေး။
(ဝါ)
ညီနောင်ထု မြဲချစ်ကြည်အောင်၊
တွဲရစ်ချည် ခိုင်မြဲကြလေး။
(ဝါ)
မြန်မာဟေ့ စဉ်ကြွေးကြော်အောင်၊
ရင်သွေးနော်တိုင်းရင်းသားတို့လေး။

**၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားအားဂုဏ်ပြုလျက်-**

**ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲများ မြစ်ငယ်၌ကျင်းပ

**မြစ်ငယ် ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်တွင် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)က ကြီးမှူး၍ စက်ရုံလုပ်သားကြီးများ၊ ပြည်သူများပါဝင်ကာ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ လမ်းလျှောက်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မြစ်ငယ်မြို့ လွတ်လပ်ရေးကျောက်တိုင် အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

(၆၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အားကစားနှင့် ပျော်ပွဲရွှင်ပွဲ အားကစား ပြိုင်ပွဲများကို မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)မှ ရုံးပေါင်းစုံဝန်ထမ်းများက မိမိတို့၏ အလုပ်ရုံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဝန်ထမ်းများ၏ သားသမီးများကလည်း အာလူးကောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ သံပုံးရိုက်၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ အစရှိသော ကစားနည်းများကို ပျော်ရွှင်ပါဝင်ယှဉ်ပြိုင်ကစားကြရာ မိဘပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သီပေါ၌ကတ္တရာလမ်းနှင့် တံတားလေးစင်းဖွင့်

**သီပေါ ဇန်နဝါရီ ၄**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြို့လယ်ရပ် ရတနာလမ်းကတ္တရာလမ်းသစ်နှင့် မင်္ဂလာစိန်လမ်းကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားလေးစင်းဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က တံတားများဆောက်လုပ်ပြီးစီးမှု ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ပြီးစီးသည့် တံတားလေးစင်း အလှူရှင်များကိုယ်စား ဒေါ်အေးထွန်းက သီပေါမြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်ထံသို့ စာရင်းဇယားနှင့်အတူ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကတ္တရာလမ်းသစ်နှင့် တံတားလေးစင်းတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုး၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အလှူရှင် ဒေါ်အေးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စိုင်း(သီပေါ)**







# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

ချိုချိုဖြူ ကုမ္ပဏီလီမိတက် (SPIKE BRAND) ၏ ကြော်ငြာတီဗီ နှင့် ဓါတ်ပုံများကို လှပစွာရိုက်ကူးပေးခဲ့သော ရုပ်ရှင်သရုပ်ဆောင် ဝတ်မှုံရွှေရည် မှ ၂၀၁၃ ခုနှစ် အတွက် မြန်မာရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီရွေးချယ်ပွဲ၌ "နှင်းဆီရင်" ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် ပြည်သူချစ်သော အနုပညာရှင် ပြည်သူများ၏ ချစ်ခြင်းမေတ္တာတို့မှာပြီး ဘဝခရီးလမ်းကြောင်းတွင် အောင်မြင်မှုများနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

SPIKE COLLECTION

Chu Chu Phyu Manufacturing & Industrial Co.,Ltd.

ပြည်တွင်းသတင်း

# တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်စိတ်နဲ့ လွတ်လပ်ရေးအဓွန့်ရှည်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ဝိုင်းဝန်းတည်ဆောက်

နေပြည်တော် ဇန်နဝါရီ ၄

**၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဗိုလ်ရှုခံမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

အဆိုပါ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



**ချစ်ခင်လေးစားအပ်ပါသော ညီနောင်ရင်းချာ ဆွေမျိုးသားချင်း ပြည်သူ အပေါင်းတို့ ခင်ဗျား-** 

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကိုအခြေပြုကာ ပြည်ထောင်စုတိုင်းရင်းသားအားလုံးတို့အတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထာဝစဉ်ဆောင်ကြဉ်းပေးနိုင်ရန် သန္နိဋ္ဌာန်ချမှတ်လျက် သူ့ကျွန်ဘဝမှ သွေးစည်းညီညွတ်စွာ မဆုတ်မနစ်တွန်းလှန်ခဲ့ပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် တည်ဆောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်တည်ရှိခဲ့သည်မှာ ယနေ့(၆၇)နှစ် ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါတယ်။

ပထမဆုံးနှစ်ပတ်လည် လွတ်လပ်ရေးနေ့ဖြစ်တဲ့ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးအောင်ပွဲသဘင်ကို ရန်ကုန်မြို့တော်ခန်းမရှေ့ အထူးမဏ္ဍပ်ဆောင်မှာကျင်းပခဲ့ပြီး အဲဒီအချိန်က ပထမဆုံးသမ္မတကြီး စဝ်ရွှေသိုက်ကို ကြည်း၊ ရေ၊ လေတပ်မတော်၊ စစ်ရဲ၊ ရန်ကုန်ရဲ၊ တပ်မတော်တီးဝိုင်းတို့က ရှေ့ဆောင်ပြီး ပြည်သူ့သူနာပြုတပ်နှင့် အပျော်တမ်း မီးသတ်အဖွဲ့များက ချီတက်အလေးပြုခဲ့ကြပါတယ်။ ဒါ့အပြင် လေတပ်မတော်မှ တိုက်လေယာဉ်များကလည်း ကောင်းကင်မှပျံဝဲအလေးပြုခဲ့ကြပါတယ်။ သမ္မတကြီး ဒေါက်တာဘဦးလက်ထက် ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ဆဋ္ဌမ နှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲသဘင်အခမ်းအနားမှစပြီး ပြည်လမ်းရှိ ဗိုလ်ရှုခံသဘင်ကြီး၌ ကျင်းပခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ သမ္မတစဝ်ရွှေသိုက်၊ သမ္မတဒေါက်တာဘဦး၊ သမ္မတမန်းဝင်းမောင်တို့ သမ္မတအဆက်ဆက်လက်ထက် ပါလီမန်ဒီမိုကရေစီခေတ်တစ်လျှောက်လုံးမှာ လွတ်လပ်ရေးအောင်ပွဲကို ဗိုလ်ရှုခံသဘင်နဲ့ခမ်းခမ်းနားနား ကျင်းပခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းကစလို့ (၅၃)နှစ် ကြာသည့်တိုင်အောင် ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့တဲ့ ဗိုလ်ရှုခံသဘင်အခမ်းအနားကြီးကို ယခုမိမိတို့နိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်နေချိန်၌ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယမှာ ပြန်လည် ကျင်းပနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေဖြင့် ခေတ်ဟောင်းစနစ်ဟောင်းတစ်ခုမှ ခေတ်သစ်စနစ်သစ်တစ်ခုဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုကို ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို အသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်က တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရေးပဲ ဖြစ်ပါတယ်။ ဒီကနေ့ သန်းငါးဆယ်ကျော်ပြည်သူတွေရဲ့ တူညီတဲ့ဆန္ဒက နှစ်ခုရှိပါတယ်။ အဲ့ဒါကတော့ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးမူဝါဒများရဲ့ အခြေခံဟာ ပြည်သူတွေအတွက် တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုများကို ဒီမိုကရေစီအနှစ်သာရများနဲ့အညီ ရရှိခံစားနိုင်ရေးပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များစတင်ပြီး တစ်နှစ်ကျော်ကာလအတွင်းမှာပဲ အစိုးရ၊ လွှတ်တော်အသီးသီး၊ ပြည်သူနဲ့တပ်မတော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ သက်ဆိုင်သူအသီးသီးရဲ့ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ညင်သာချောမွေ့စွာ ပြောင်းလဲနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

ဒါကြောင့်လည်း ယခုလို မြန်မာ့နိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုအပေါ် နိုင်ငံတကာကအသိအမှတ်ပြု ချီးကျူးခဲ့ကြတဲ့အတွက် နိုင်ငံနဲ့လူမျိုးအတွက် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့ရပါတယ်။

အဲဒီလိုညင်သာချောမွေ့တဲ့ အသွင်ကူးပြောင်းရေးကာလအတွင်းမှာပဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အချိန်ယူပြီး တည်ဆောက်ခဲ့ရပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီလုပ်ငန်းများအနက် အချို့ပြီးစီးသွားပြီဖြစ်သလို အချို့လုပ်ငန်းများကတော့ ဆက်လက်ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ် တွေအားလုံးဟာ ဒီမိုကရေစီစနစ်သစ်နဲ့ လိုက်လျောညီထွေရှိပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံ ပြုပြင်ပြောင်းလဲနိုင်အောင် လွှမ်းခြုံဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာလည်း ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းဆိုပြီး နိုင်ငံရဲ့ ပကတိအရှိတရားများကို အခြေခံလျက် လက်တွေ့ကျကျ စနစ်တကျ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ ယခုဆိုလျှင် ပြုပြင်ပြောင်းလဲရေးရဲ့ တတိယလှိုင်းကို အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးလှိုင်းအဆင့်ဆင့်မှာရရှိခဲ့တဲ့ အောင်မြင်မှုများရဲ့ အသီးအပွင့်များကိုလည်း ပြည်သူများ ရရှိခံစားနိုင်နေပြီ ဖြစ်ပါတယ်။ တတိယလှိုင်း အကောင်အထည်ဖော်မှုကာလအတွင်းမှာလည်း ပြည်သူများအနေနဲ့ ပြုပြင်ပြောင်းလဲရေးရဲ့ အသီးအပွင့်များကို ပိုမိုလျင်မြန်စွာခံစားနိုင်ဖို့အတွက် အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ပဋိပက္ခများနဲ့ အကျပ်အတည်းများကို အချိန်ကာလကြာမြင့်စွာ ဖြတ်သန်းခဲ့ရတဲ့အတွက် အခြားနိုင်ငံများထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရတယ်ဆိုတာ ကျွန်တော်တို့အားလုံး သင်ခန်းစာရခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေး၊ အပစ်အခတ်ရပ်စဲရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းရေး၊ ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရေးဆိုတဲ့ အခြေခံမူများကို သဘောတူညီထားပြီးဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်မှသာလျှင် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ပျက်စီးမှုများကို လျှော့ချနိုင်ပြီး နှစ်ဖက်ကြား ထိပ်တိုက်ရင်ဆိုင်မှုနဲ့ ပစ်ခတ်မှုများကို ကာကွယ်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ မရှိမဖြစ် အရေးကြီးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ အထက်က ပြောခဲ့သလို၊ အောင်မြင်မှုများရရှိခဲ့သလိုဆက်ပြီး ရင်ဆိုင်ကျော်လွှားရ မယ့် စိန်ခေါ်မှုများလည်း ရှိနေပါသေးတယ်။ လက်ရှိရရှိထားပြီးဖြစ်တဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆက်လက်ရှင်သန်စေဖို့၊ ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာစေဖို့၊ ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်ဆင့်ကနေ နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာဖို့နဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ဖို့ဆိုတဲ့ အချက်များဟာ ကျွန်တော်တို့ ကျော်လွှားရမယ့် စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။ အဲဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် မိမိတို့နိုင်ငံ မိမိတို့လူ့အဖွဲ့အစည်းနဲ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများအပေါ် မူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်သင့်ပြင်ထိုက်တာတွေကို ဥပဒေနဲ့အညီ ပြင်ဆင်သွားရမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်လေးရပ်ထဲမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုက အရေးအကြီးဆုံးနဲ့သိမ်မွေ့နက်နဲမှု အရှိဆုံးဖြစ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုအတွက် နိုင်ငံရေးအခြေအနေများ တည်ငြိမ်စွာဖြစ်ထွန်းတိုးတက်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တစ်ချိန်တည်းနီးပါး စတင်ခဲ့တဲ့ နိုင်ငံအချို့မှာ ပြည်တွင်းပဋိပက္ခများ၊ စစ်ပွဲများနဲ့ အတိဒုက္ခရောက်နေတာကို သင်ခန်းစာယူဖို့လိုအပ်ပါတယ်။ ဒီလိုမဖြစ်စေဖို့အတွက် ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ဒီကနေ့ဒီနေရာမှာ ကျွန်တော်တို့အားလုံးစုဝေးပြီး ဗိုလ်ရှုသဘင်ဆင်ယင်ကျင်းပခြင်းဟာ နိုင်ငံ့လွတ်လပ်ရေးကို ရယူပေးခဲ့ကြတဲ့ရရှိပြီး အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးမသွားအောင် အကာအကွယ်ပေးခဲ့ကြတဲ့ သူရဲကောင်းများကို ဂုဏ်ပြုခြင်းဖြစ်သလို ဒီမိုကရေစီစနစ်ရဲ့ အမြစ်တွယ်ခိုင်မာလာမှုကိုလည်း သက်သေပြလိုက်တာလည်း ဖြစ်ပါတယ်။

နိုင်ငံ့လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြသော သူရဲကောင်းများဟာ နိုင်ငံရေးနောက်ခံ၊ အသိုင်းအဝိုင်း၊ လူမျိုးစုနဲ့ကိုးကွယ်ယုံကြည်မှု များ မတူညီကြသော်လည်း နိုင်ငံနဲ့လူမျိုးရဲ့ ကောင်းကျိုးချမ်းသာအတွက် အသက်စွန့်ခဲ့သည်မှာ တူညီကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်းဟာ တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်စိတ်နဲ့ လွတ်လပ်ရေး အဓွန့်ရှည်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ဝိုင်းဝန်းတည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရသစ်တာဝန်ယူခဲ့သော ကာလအတွင်း မမျှော်လင့်သည့်စိန်ခေါ်မှုများ၊ အခက်အခဲများ၊ အကျပ်အတည်းများကို ရင်ဆိုင်ခဲ့ရသော်လည်း မိမိတို့လမ်းကြောင်းပေါ်မှာ ခိုင်မာစွာရပ်တည်နိုင်ခဲ့ပါတယ်။ လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကိုရှေးရှု၍ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရှေ့သို့ဆက်လက်ပြီး ပြည်သူပြည်သားများအတွက် ပိုမိုကောင်းမွန်ပြည့်စုံသော အနာဂတ်များ ပိုင်ဆိုင်နိုင်ဖို့ဖန်တီးပေးမည်ဟူသော သန္နိဋ္ဌာန်ဖြင့် လျှောက်လှမ်းမည်ဖြစ်ကြောင်းနဲ့ ပြည်ထောင်စု တိုင်းရင်းသားအပေါင်းကလည်း ပြည်ထောင်စုကြီးအကျိုးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းကူညီဆောင်ရွက်ရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကိုရှေးရှု၍ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်သွားမှာဖြစ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ပါမောက္ခဒေါက်တာ ဒေါ်မာမာဝင်း | ပါမောက္ခချုပ်<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (၂) | ဦးသူရိန်ဝင်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန |

## အား/ကာ သိပ္ပံ(ရန်ကုန်)၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ



လွတ်လပ်ရေးအထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပစဉ်။

**ရန်ကုန် ဇန်နဝါရီ ၄**

အား/ကာသိပ္ပံ(ရန်ကုန်)၏ ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပခဲ့သည်။

အား/ကာသိပ္ပံ (ရန်ကုန်)၏ လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများအဖြစ် ပီနံအိတ်စွပ်ပြိုင်ပွဲ၊ ပန်းကန်ပြားပျံပစ်ပြိုင်ပွဲ၊ အပ်ချည်ထိုးပြိုင်ပွဲ၊ ပူဖောင်းဖင်နင်းဖောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ စက်ဘီးအနှေးစီးပြိုင်ပွဲ၊ အကျီကြယ်သီးတပ်ပြေးပွဲ၊ လက်ဆင့်ကမ်းပြေးပွဲနှင့် တာဝေးပြေးပွဲများကျင်းပပြီး သင်တန်းသားအမျိုးသား ၃၂၇ ဦးနှင့် အမျိုးသမီး ၂၅၀ စုစုပေါင်း ၅၅၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင်ဆုရရှိသူများကို အား/ ကာ သိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းဓာတ်ပုံ-ဖိုးသော်ဇင်**

နိုင်ငံတကာသတင်း

# ယူနန်တွင် နှစ် ၆၀၀ သက်တမ်းရှိ မျှော်စင် မီးလောင်ကျွမ်းမှုကြောင့် ပျက်စီး



**ပေကျင်း ဇန်နဝါရီ ၄**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ထပ်မံဖြစ်ပွားသော မီးလောင်မှုကြောင့် လောင်ကျွမ်းခဲ့သောမီးကြောင့် သက်တမ်း နှစ် ၆၀၀ ရှိ ဂွန်ချန်း မျှော်စင် ပျက်စီးသွားသည်ဟု သိရသည်။

ဇန်နဝါရီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်က မီးလောင်မှုစတင်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များသည် နှစ်နာရီနီးပါးကြာကြိုးစား၍ ငြိမ်းသတ်ခဲ့ကြသည်။ အဆောက်အအုံ၏ စတုရန်းမီတာ ၃၀၀ ခန့်ကို မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဂွန်ချန်းမျှော်စင်သည် မင်မင်းဆက်ကာလ ၁၃၉၀ ပြည့်နှစ်က တည်ဆောက်ခဲ့သော မြို့တော်အဝင်မုခ်ဝ မျှော်စင်ဖြစ်သည်။ ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အချက်အချာကျရာ နယ်မြေလည်းဖြစ်သည်။ လွန်ခဲ့သည့်လက တရုတ်အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်ရှိ ရှေးဟောင်း မြောင်ကျေးရွာတွင်လည်း မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ တရုတ်နိုင်ငံသည် မြောင်ကျေးရွာကို ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်နယ်မြေအဖြစ် ၂၀၀၆ ခုနှစ်က သတ်မှတ်ခဲ့သည်။ ယမန်နှစ် ဇန်နဝါရီကလည်း ယူနန်ပြည်နယ်အတွင်းရှိ အထင်ကရအပန်းဖြေစခန်းဖြစ်သည့် ရှန်ဂရီလာရှိ ဒူကီဇွန်းရှေးဟောင်းမြို့၌လည်း မီးလောင်မှုဖြစ်ပွားရသည်ဟု သိရသည်။ **(ဆင်ဟွာ)**

# အီရတ်မြောက်ပိုင်း ပြန်ပေးဆွဲခံရသည့် အရပ်သား ၁၆၀ ကျော် အိုင်အက်စ်အိုင်အယ်လ်တက်ဖရီ အစွန်းရောက်များ ပြန်လွှတ်



**ကယ်ကွတ် ဇန်နဝါရီ ၄**

အီရတ်နိုင်ငံ မြောက်ပိုင်း ကာကွတ်ပြည်နယ်တွင် ယခုသီတင်းပတ်အစောပိုင်းက ပြန်ပေးဆွဲခံရသော အရပ်သား ၁၆၀ ကျော်အား အိုင်အက်စ်အိုင်အယ်လ်တက်ဖရီ အစွန်းရောက်များက ပြန်လွှတ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းရပ်ကွက်များက ဆိုသည်။

အစွန်းရောက် အုပ်စုသည် ဇန်နဝါရီ ၂ ရက်က အီရတ်နိုင်ငံ ကာကွတ်ပြည်နယ်၊ အယ်လ်ရှာဂျာယာနှင့် ဂါရစ်ကျေးရွာများ၌ အိုင်အက်စ်အိုင်အယ်လ်အလံနှစ်ခု မီးတင်ရှို့ခံရပြီးနောက် အဆိုပါ အမျိုးသား (၁၇၀)တို့ကို ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။ အစွန်းရောက် အုပ်စုသည် ဟော်ဝါမြို့အနီး ၄င်းတို့ မြေကုပ်စခန်းသို့ အဆိုပါ အရပ်သားများအား ခေါ်ဆောင်သွားခဲ့ကြကြောင်း အီရတ်တာဝန်ရှိသူများက ပြောသည်။

ပြန်ပေးဆွဲခံရသူများအနက် ၁၆၂ ဦးသည် ၄င်းတို့နေအိမ်များသို့ ပြန်ရောက်ပြီဖြစ်ကြောင်း သို့သော် ရှစ်ဦးမှာ အစွန်းရောက်များက ဖမ်းဆီးထားဆဲဖြစ်ကြောင်း ဒေသခံများက အတည်ပြုပြောကြားသည်။

တက်ဖရီ စစ်သွေးကြွများသည် စက်တင်ဘာလအတွင်းတွင်လည်း အလားတူ လူအများအပြားကို ပြန်ပေးဆွဲခဲ့သည်။ **(ပရက်စ်တီဗွီ)**

# အာဖဂန်အရှေ့ပိုင်း ပတ္တိကာပြည်နယ်တွင် အမေရိကန်ဦးဆောင်သောတပ်များ လေကြောင်းမှတိုက်ခိုက်၍ ၁၈ ဦးသေဆုံး

**ကဘူးလ် ဇန်နဝါရီ ၄**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပတ္တိကာပြည်နယ်တွင် အမေရိကန်ဦးဆောင်သော နိုင်ငံခြားတပ်များက လေကြောင်းမှ တိုက်ခိုက်ခဲ့၍ အနည်းဆုံး လူ ၁၈ ဦးသေဆုံးသွားခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် ကဘူးလ်မြို့အရှေ့တောင်ဘက် ၁၀၈ မိုင်အကွာ ဂါယန်းခရိုင်ရှိ တာလီဘန်စစ်သွေးကြွများ၏ ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ မူခေးလ် အာဖဂန် က ပြောသည်။

ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံးစစ်သွေးကြွ ၁၈ ဦးသေဆုံးပြီး ပစ်ကပ်ထရပ်ကားသုံးစီး ပျက်စီးသွားခဲ့ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုအပေါ် တာလီဘန်တို့က မည်သည့်မှတ်ချက်တစ်စုံတစ်ရာမျှ ပြောဆိုခြင်းမရှိပေ။



အာဖဂန်ရှိ အမေရိကန်ဦးဆောင်သော နိုင်ငံခြားတပ်များသည် မကြာသေးမီက အရပ်ဘက်နေရာများကို လေကြောင်းမှ အရှိန်မြှင့်တိုက်ခိုက်လာသည်။

ဒီဇင်ဘာ ၂၉ ရက်က အာဖဂန်အရှေ့ပိုင်း နူရီစတန်ပြည်နယ်၌ အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် ဆယက်အီဇန်ဟု လူသိများသည့် တပ်မှူးအပါအဝင် အနည်းဆုံး တာလီဘန်စစ်သွေးကြွ လေးဦးသေဆုံးခဲ့သည်။ နာဂါဟာပြည်နယ်အရှေ့ပိုင်းတွင်ဒီဇင်ဘာ ၂၇ ရက်က အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် တာလီဘန်တပ်မှူးတစ်ဦး အပါအဝင် အခြားစစ်သွေးကြွအဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

## အီဘိုလာသံသယရှိသူ ဘာလင်၌ဆေးစစ်ဆေးမှုပြုလုပ်

**ဘာလင် ဇန်နဝါရီ ၄**

အီဘိုလာသံသယရှိသူ တောင်ကိုရီးယားကျန်းမာရေးဝန်ထမ်းတစ်ဦးကို ဥရောပရှိ အကြီးဆုံးတက္ကသိုလ်ဆေးရုံများအနက် တစ်ခုဖြစ်သည့် ဘာလင်မြို့ ချာရိုက်ဆေးရုံသို့ စနေနေ့က တင်ပို့ခဲ့ကြောင်း ဘာလင်လွှတ်တော် ကျန်းမာရေးနှင့် လူမှုကယ်ဆယ်ရေးဆိုင်ရာဌာနက ပြောခဲ့သည်။

ဆီရာလီယွန်၌ အီဘိုလာရောဂါတိုက်ဖျက်ရေးပြုလုပ်နေသည့် တောင်ကိုရီးယား နိုင်ငံဆေးအဖွဲ့၏အဖွဲ့ဝင်ဖြစ်ပြီး ၄င်းကို ချာရိုက်တက္ကသိုလ်ဆေးပညာဌာန အထူးသီးသန့်ခန်း၌ထားရှိပြီး ဆေးစစ်မှုပြုလုပ်လျက်ရှိသည်။

အဆိုပါလူနာသည် အီဘိုလာဝေဒနာရှင်တစ်ဦးကို သွေးဖောက်ရာမှ ကူးစက်ခံခဲ့ရခြင်းဖြစ်နိုင်ကြောင်း ယူဆရသည်။ သို့သော်လည်း ယခုအချိန်ထိ ရောဂါလက္ခဏာများ မတွေ့ရသေးကြောင်း အဆိုပါဌာနက ဆိုသည်။

မိမိတို့၏ အထူးသီးသန့်ခန်း၌ရှိသော ကျန်းမာရေးဝန်ထမ်းများသည် ပြင်းထန်သော ကူးစက်ရောဂါခံစားရသည့် ဝေဒနာရှင်များကို ကုသရန် စနစ်တကျ လေ့ကျင့်ပေးထားသူများဖြစ်ကြောင်း ချာရိုက်ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူးက ပြောခဲ့သည်။

ယခု သံသယရှိသူကို သီးသန့်ခန်း၌ ရောဂါပျိုးချိန် အမြင့်ဆုံးစံချိန်ကာလဖြစ်သည့် ၂၁ ရက်ကြာ စောင့်ကြပ်စစ်ဆေးမှုပြုလုပ်မည်ဖြစ်သည်။

**(ဆင်ဟွာ)**

## အင်ဒိုနီးရှားရှိ အမေရိကန်သံရုံးက နိုင်ငံသားများအား လုံခြုံရေးသတိပေး

**ဂျကာတာ ဇန်နဝါရီ ၄**

အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာရှိအမေရိကန်သံရုံးက ၎င်း၏နိုင်ငံသားများ အား ဆူရာဘယာမြို့ရှိ အမေရိကန်နှင့် အဆက်အသွယ်ရှိသည့် ဟိုတယ်များနှင့် ဘဏ်များတွင် ခြိမ်းခြောက်မှုများပြုလုပ်နိုင်ဖွယ်ရှိသည့်အတွက် လုံခြုံရေးသတိနိုးကြားမှုရှိရန် ဇန်နဝါရီ ၃ ရက်က သတိပေးချက်ထုတ်ပြန်သည်။

အဆိုပါ ဖြစ်ပွားနိုင်ခြေရှိသည့် ခြိမ်းခြောက်မှုမှာ အိုင်အက်စ် စစ်သွေးကြွအုပ်စုနှင့် ဆက်နွယ်မှုရှိ မရှိနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။

အင်ဒိုနီးရှားအစိုးရက ၎င်း၏နိုင်ငံသား ရာပေါင်းများစွာသည် ဆီးရီးယားနှင့် အီရတ်တို့ရှိ အိုင်အက်စ်အစွန်းရောက်အဖွဲ့နှင့် ပူးပေါင်းနေကြပြီးဖြစ်ကြောင်း သို့မဟုတ် ပူးပေါင်းရန် ရည်ရွယ်ထားကြကြောင်း ပြီးခဲ့သည့် ဒီဇင်ဘာလက အတည်ပြုပြောကြားသည်။

**(ကျိုဒိုနယူးစ်)**

## အိုင်အက်စ်အိုင်အယ်လ်နှင့်ဆက်နွယ်သော မလေးရှားအမျိုးသမီးထိန်းသိမ်းခံရ

**ကွာလာလမ်ပူ ဇန်နဝါရီ ၄**

မလေးရှားနိုင်ငံသား အမျိုးသမီးတစ်ဦးသည် ISIL တက်ဖရီ စစ်သွေးကြွအုပ်စုဝင်တစ်ဦးနှင့် အင်တာနက်မှတစ်ဆင့် လက်ထပ်ခဲ့သည်ကို သိရှိခဲ့ပြီးနောက် ၎င်းကို မြို့တော်ကွာလာလမ်ပူ၌ ထိန်းသိမ်းခြင်းခံခဲ့ရသည်။

၎င်းသည် နိုဝင်ဘာလက စစ်သွေးကြွများ၏ ဝါဒဖြန့်ချိသည့် ရုပ်သံဖိုင်ကို ကြည့်ရှုခဲ့ပြီးနောက် အိုင်အက်စ်အိုင်အယ်လ်အဖွဲ့ကို ပထမဆုံးစိတ်ဝင်စားသွားသူဖြစ်မည်ဟု ယူဆရကြောင်း ရဲစုံစမ်းစစ်ဆေးရေးမှူးချုပ်က ပြောသည်။

အဆိုပါ အမျိုးသမီးသည် မြောက်အာဖရိကနိုင်ငံသား အဆိုပါတိုက်ခိုက်ရေးသမားနှင့် သိရှိခဲ့ပြီးနောက်ပိုင်းတွင် ၎င်းအားလက်ထပ်ခဲ့သည်။ အဆိုပါတိုက်ခိုက်ရေးသမားသည် ဆီးရီးယား၌ ပူးပေါင်းရန် ၎င်းကို လိုက်လံရှာဖွေခဲ့ကြောင်း ရဲအရာရှိကဆိုသည်။ မလေးရှားဝန်ကြီးချုပ်ကလည်း ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်အိုင်အယ်လ်တို့ ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ပြစ်တင်ပြောဆိုခဲ့သည်။

**(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# အသက်ခန္ဓာ ပေးဆပ်နှင်းပြီး အာဇာနည်စိတ်ထားနှင့် ကာကွယ်စောင့်ရှောက်ကြခြင်းသည် အမွန်မြတ်ဆုံး စွမ်းဆောင်ရည်ဖြစ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့်အရာရှိ/စစ်သည်များနှင့်အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းပွဲသို့ တက်ရောက်ကြသူများအား နှုတ်ဆက်စဉ်။ (မြဝတီ)

**နေပြည်တော် ဇန်နဝါရီ ၄**

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသော အာမခံချက်သည် ရိုသေခန့်ညားလောက်သည့် ကာကွယ်ရေးစွမ်းအားစုတည်ဆောက်၊ ပိုင်ဆိုင်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် မိမိအသက်ကို စွန့်လွှတ်နိုင်သည်အထိ သူရသတ္တိများဖြင့် ပြည့်စုံခြင်းသည် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်များ၏ စိတ်ထားဖြစ်သကဲ့သို့ ကာကွယ်ရေး စွမ်းအားစုအတွက် ကြီးစွာသော အထောက်အပံ့လည်းဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သည် ထိုကဲ့သို့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်များနှင့် တည်ဆောက်ထားသည့် တပ်မတော်ဖြစ်ကြောင်း၊ သမိုင်းအစဉ်အလာများ၊ နှစ်စဉ်ယခုကဲ့သို့ ဂုဏ်ပြုကျင်းပပေးနေသည့် အခမ်းအနားများအရ သိနိုင်မည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်၌ ကျင်းပပြုလုပ်သော ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ/ စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်လက်ခံရယူကြမည့် အရာရှိစစ်သည်များနှင့် အမွေခံများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် ကိုယ်ကျိုးမဖက်ဘဲ ငါ့နိုင်ငံတော် ငါ့တပ်မတော် ငါ့ပြည်သူများအတွက်ဆိုသည့် မွန်မြတ်လေးနက်သည့် ခံယူချက်စိတ်ထားနှင့် သက်စွန့်ဆံဖျားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သူများကို တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားဖြစ်ကြောင်း။

အမိနိုင်ငံတော်၏ ပိုင်နက်နယ်မြေ၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် နိုင်ငံသူ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်ဝတ္တရားသည် နိုင်ငံသားတိုင်းနှင့် သက်ဆိုင်သည့် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ အသက်ခန္ဓာ ပေးဆပ်နှင်းပြီး အာဇာနည်စိတ်ထားနှင့် ကာကွယ်စောင့်ရှောက်ကြခြင်းသည် လူသားတိုင်း နိုင်ငံတိုင်းက လေးစားဂုဏ်ယူကြရသည့် အမွန်မြတ်ဆုံး စွမ်းဆောင်ရည်တစ်မျိုးဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်လာလျှင် တပ်မတော်သည် ရယူလိုမှု အနည်းဆုံးနှင့် ပေးဆပ်နိုင်မှု အမြင့်မားဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း။

မိမိတို့ တပ်မတော်သားများ အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်သည့်နေရာတွင် တပ်မတော်သားတိုင်း နေ့စဉ်ရွတ်ဆိုနေကျဖြစ်သည့် သစ္စာအဓိဌာန် လေးချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ **"စွန့်လွှတ်စွန့်စားသော တပ်မတော်ဖြစ်သည်"** ဆိုသည့် **သမိုင်းစဉ်ဆက်လက်ဆင့်ကမ်း ခိုင်မြဲစေခဲ့သည့် တပ်မတော်၏ အစဉ်အလာကို အမွန်မြတ်ဆုံးသော ပေးဆပ်မှုများနှင့် သက်သေပြခဲ့သည့် ရဲဘော်တို့၏ မွန်မြတ်သန့်စင်သည့် စိတ်ဓာတ်များကို ဂုဏ်ပြုထိုက်သူများအဖြစ် ဂုဏ်ပြုလိုပါကြောင်း။**

**လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သကဲ့သို့ အမြဲတေရတနာများလည်းဖြစ်ကြောင်း၊ အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကိစ္စများအတွက် ရဲစွမ်းသတ္တိရှိရှိ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခြင်းသည် နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြု၊ ဘာသာ သာသနာ အကျိုးပြုလုပ်ငန်းများကို အသက်စွန့်လျှ ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဇီဝိတဒါနမြောက်သည့်အတွက် "ရဲသော်မသေ သေသော်ငရဲမလား" ဟူသည့် အဆိုအမိန့်တစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ကြောင်း။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် "တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ **နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"** ဟု ပြဋ္ဌာန်းထားကြောင်း၊ **နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ဦးစီးဦးဆောင်ပြုလုပ်ရမည့် မိမိတို့တပ်မတော်တွင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် စစ်သည်များ လိုအပ်ကြောင်း၊ မိမိတို့တပ်မတော်သားများ၏ နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူအပေါ်မှာ ထားရှိသည့် စွန့်လွှတ်စွန့်စားသည့် "အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာ မရှိသောဂုဏ်ဒြပ်" ကို လွတ်လပ်ရေးနေ့ အခါသမယများတွင် ယခုကဲ့သို့ နှစ်စဉ်အမြဲချီးမြှင့်အပ်နှင်းဂုဏ်ပြုပေးနေမည်ဖြစ်ကြောင်း။**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် ထက်သန်ပြောင်မြောက်စွာ သက်စွန့်ကြိုးပမ်းထမ်းဆောင်သူများသည် ပြည့်စုံမွန်မြတ်သည့် မှတ်တမ်းကောင်း ချန်ရစ်သူ ယောကျ်ားကောင်း ယောကျ်ားမြတ်တွေဖြစ်သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူများက သားကောင်းဇာနည်များအဖြစ် မှတ်တမ်းတင်ပြီး အမြဲတမ်းအမှတ်တရ ဂုဏ်ယူနေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ရရှိသူများဖြစ်ကြသည့် ဒုတိယ ဗိုလ်မှူးကြီး ခွန်နေထွန်းဦးအားလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ခင်ထွန်းအောင် ကိုယ်စား ဇနီး ဒေါ်ဆွေဆွေဝင်းအားလည်းကောင်း၊ ဒုတိယ ဗိုလ်မှူးကြီး ကျော်စွာထွန်းအားလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ခွန်စိုင်းကိုအား လည်းကောင်း၊ ဗိုလ်မှူး စိုးမင်းအောင်အား လည်းကောင်း၊ ဗိုလ်မှူး အောင်မြင့်ဦးအား လည်းကောင်း၊ ဗိုလ်မှူး ကျော်စွာထွန်းအား လည်းကောင်း၊ ဗိုလ်မှူးကျော်စွာအေးကိုယ်စား ဇနီး ဒေါ်သန္တာထွန်းအား လည်းကောင်း၊ ဗိုလ်မှူးဝေမောင်ဦးအား လည်းကောင်း၊ ဗိုလ်မှူး ဝေမိုးအောင်အား လည်းကောင်း၊ ဗိုလ်မှူး အောင်ကျော်စိုးအား လည်းကောင်း၊ ဗိုလ်မှူးကျော်ဆန်းအား လည်းကောင်း၊ ဗိုလ်ကြီးအောင်ပြည့်ဖြိုးငြိမ်းအား လည်းကောင်း၊ ဗိုလ်ကြီးဝေယံဦးအားလည်းကောင်း၊ ဗိုလ်ကြီးရဲထွန်း၏ ကိုယ်စား ဖခင်ဦးသန်းဝင်းအား လည်းကောင်း၊ ဗိုလ်ကြီးအောင်ကိုကိုနိုင်အားလည်းကောင်း၊ ဗိုလ်ကြီး စသန်းထိုက်အောင်အား လည်းကောင်း၊ ဗိုလ်ကြီးရဲနိုင်ဦးအားလည်းကောင်း၊ ဗိုလ်ကြီး ထက်ညီဟိန်းအားလည်းကောင်း၊ ဗိုလ်လွင်ကိုကိုကိုယ်စား မိခင် ဒေါ်မာလာနွယ်အားလည်းကောင်း၊ ဒုတိယအရာခံဗိုလ် ဌေးဝင်းအားလည်းကောင်း၊ ဒုတိယအရာခံဗိုလ် နိုက်ခန့်ခွာလ် ကိုယ်စား ဇနီးဒေါ်ခင်မြင့်ရွှေအား လည်းကောင်း၊ ဒုတိယအရာခံဗိုလ် ထားနီအားလည်းကောင်း၊ ဒုတိယ အရာခံဗိုလ်အောင်ဆန်းဝင်း ကိုယ်စား ဇနီးဒေါ်အောင်မေကြည်အား လည်းကောင်း၊ တပ်ကြပ်ကြီးလှဝင်းကျော် ကိုယ်စား ဇနီးဒေါ်စိမ့်စိမ့်မူအားလည်းကောင်း၊ တပ်ကြပ်ကြီး နိုင်ဝင်းအားလည်းကောင်း၊ တပ်ကြပ် မင်းမင်းအားလည်းကောင်း၊ ဒုတိယ တပ်ကြပ် သိန်းလင်းကိုယ်စား ဇနီး ဒေါ်နီလာအေးအားလည်းကောင်း၊ ဒုတိယ တပ်ကြပ် နိုင်လင်းထွန်း ကိုယ်စားဇနီး ဒေါ်တင်တင်ညိုအား လည်းကောင်း၊ ဒုတိယတပ်ကြပ် ဇော်မျိုးအောင် ကိုယ်စား ဖခင် ဦးခင်စိုးအား လည်းကောင်း၊ ဒုတိယတပ်ကြပ် စိုးမင်းထွန်းအား လည်းကောင်း၊ ဒုတိယတပ်ကြပ် သက်ဖြိုးကျော်ကိုယ်စား ဇနီး ဒေါ်ဖြူဖြူဝင်းအား လည်းကောင်း၊ ဒုတိယ တပ်ကြပ် အောင်သန်းဇော်ကိုယ်စားအစ်ကို ဦးဇော်လင်းအား လည်းကောင်း၊ ဒုတိယတပ်ကြပ် အောင်ကိုထွန်းကိုယ်စား ဇနီး ဒေါ်မေနှင်းဖြူအား လည်းကောင်း၊ ဒုတိယတပ်ကြပ် မိုးကျော်သူကိုယ်စား ဇနီး ဒေါ်သန်းသန်းနွယ်အား လည်းကောင်း၊ ဒုတိယတပ်ကြပ် ဖြိုးလေးအားလည်းကောင်း၊ ဒုတိယတပ်ကြပ် ဇော်ဇော်ကိုယ်စား မိခင် ဒေါ်အုန်းမြင့်အား လည်းကောင်း၊ ဒုတိယတပ်ကြပ် ဝေယံ ကိုယ်စား ဖခင်ဦးမြရွှေအား လည်းကောင်း သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်နှင့်လက်မှတ်များပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၆ ဦးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၉ ဦးတို့အား သူရဲကောင်းလက်မှတ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များရရှိခဲ့သည့် အရာရှိ/စစ်သည်များနှင့်အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်ခြင်းခံရသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံစဉ် မြဝတီတေးဂီတအဖွဲ့မှ လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုဖျော်ဖြေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူကျန်ရှိသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၄၆ ဦး၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၁၈၅ ဦးတို့ကိုလည်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများက တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

◆ *ကျောဖုံးမှ*

ကချင်ပြည်နယ် မြို့တော်ဖြစ်သည့် မြစ်ကြီးနားမြို့၌ ခရီးသည်များအတွက် ယာဉ်ရပ်နားစခန်းကို တည်ဆောက်နေခြင်းဖြစ်သည်။

တစ်ဖန် လေကြောင်းခရီးစဉ်နှင့် ရထားခရီးစဉ်များသည် အချိန်နှင့် နေရာကန့်သတ်မှု ပိုမိုများပြားသဖြင့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် သွားလာကြသူ များပြားလျက်ရှိသည်။ မန္တလေးမှ မြစ်ကြီးနား အသွားအပြန် အထူး မော်တော်ယာဉ်များလည်း ပြေးဆွဲလျက်ရှိရာ ယာဉ်ရပ်နားစခန်းမှာ ကျယ်ဝန်းနေပြီး အဝင်အထွက်ကောင်းမွန်သောနေရာ အကျယ်အဝန်း ရှိရန်လိုအပ်ပေသည်။

ယခုအခါ ကချင်ပြည်နယ်အတွင်းရှိ မြို့ပေါင်း ခုနစ်မြို့တွင် အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်ထားရှိတော့မည်ဖြစ်ရာ ဗန်းမော်၊ မိုးကောင်း၊ ရွှေကူ၊ မိုးညှင်း၊ ဖားကန့်နှင့် တနိုင်းမြို့များ၌ ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရန် ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရာတွင် စားသောက်ဆိုင်တည်းခိုခန်း၊ ပန်းခြံ၊ ကစားကွင်းများထည့်သွင်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ကချင်ပြည်နယ်အတွင်း မြို့ကြီးခုနစ်မြို့၌ အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်ပါက ခရီးသွားပြည်သူများအတွက် တစ်နေရာတည်းတွင် သွားရောက် စီးနင်းနိုင်မည်ဖြစ်ပြီး မြို့တွင်းများ၌လည်း ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တောင်ငူမြို့နယ် ခရိုင်အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက် ဖတ်ကြားစဉ်။ သူရ (တောင်ငူ)

## လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၄**

(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို မြောင်းမြမြို့ မြကန်သာပန်းခြံ လွတ်လပ်ရေးကျောက်တိုင်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ကျင်းပရာ နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်အလံအား စုပေါင်းအလေးပြုကြပြီး နိုင်ငံတော်သမ္မတကြီးထံမှ ပေးပို့သော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**အောင်မင်း(မြောင်းမြ ပြန်/ဆက်)**

---

နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ သင်တန်းများ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာ နိုင်ငံတော်အဖွဲ့အစည်းများအတွက် လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများအတွက် လည်းကောင်း၊ အရပ်ဘက် လူ့အဖွဲ့အစည်းများအတွက် လည်းကောင်း သင်တန်းများ ပို့ချသင်ကြားလျက်ရှိပါတယ်။ ကိုယ်သိတာ၊ တတ်တာ၊ လေ့လာထားတာတွေကို လက်ဆင့်ကမ်းတဲ့အနေနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဝန်ထမ်းများအတွက် သင်တန်းပေးတဲ့ အစီအစဉ်များကိုလည်း အားပေးအားမြှောက်ပြုပါတယ်။ တစ်ဦးချင်း၊ တစ်ယောက်ချင်း အရည်အသွေးတွေ တိုးတက်စေချင်ပါတယ်။ အချို့အဖွဲ့အစည်းတွေမှာ ဝန်ထမ်းများအတွက် သင်တန်းပေးမှုနဲ့ ပတ်သက်ပြီး အမြင်၊ အယူအဆတွေ မှားယွင်းနေတာတွေ့ရပါတယ်။ မိမိဝန်ထမ်းတွေကို သင်တန်းပေးရင် ကုန်ကျစရိတ်များတယ်၊ ဒါကြောင့် သင်တန်းပေးတာကို ဆင်ဆင်ခြင်ခြင်လုပ်ရမယ်၊ ချွေတာဖို့ လိုတယ်လို့ အယူရှိကြတယ်။ ဒီအယူအဆဟာ တက်တက်စင်မှားယွင်းတဲ့ အယူအဆသာဖြစ်ပါတယ်။ သင်တန်းပေးတာကို စရိတ်အဖြစ် မစဉ်းစားဘဲ ရင်းနှီးမြှုပ်နှံမှုအဖြစ် စဉ်းစားဖို့ လိုအပ်ပါတယ်။ မိမိ ဝန်ထမ်းတွေ အရည်အသွေးတက်အောင်ဆောင်ရွက်ခြင်းဟာ လုပ်ငန်းအဖွဲ့အစည်းရဲ့ အနာဂတ်အတွက် ရင်းနှီးခြင်းသာ ဖြစ်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုဖြစ်တာမို့ ပြန်ရချက်ကလည်းများမှာသာဖြစ်တယ်။ တချို့အဖွဲ့အစည်းတွေမှာတော့ ဝန်ထမ်းတွေ သင်တန်းပေးရင် အရည်အသွေးတွေ တက်လာတာမို့ လုပ်ငန်းမှာ ဆက်မနေရင် ဆုံးရှုံးမှုရှိနိုင်တယ်လို့ ယူဆကြပြန်တယ်။ ဒီအယူအဆကို တလောက ဆွေးနွေးပွဲတစ်ခုမှာ ကျွန်တော့်ကို လူငယ်တစ်ယောက်က မေးခွန်းထုတ်တယ်။ သူသုံးသွားတဲ့ အသုံးအနှုန်းက စိတ်ဝင်စားဖို့ကောင်းပါတယ်။ ထိထိမိမိရှိပါတယ်။ သူက လုပ်ငန်းတွေမှာ "တတ်ပြေး"တွေ ဖြစ်နေတယ်လို့ ဖော်ပြခဲ့တယ်။ ရုတ်တရက် သူပြောတာကို ကျွန်တော်က "တပ်ပြေး" လို့ ထင်ပြီးတော့ စဉ်းစားရခက်သွားတယ်။ နောက်မှ သင်တန်းပေးလို့ "တတ်"လာတဲ့ ဝန်ထမ်းက လုပ်ငန်းကရှေ့ "ပြေး" သွားတာကို ဆိုလိုတာ သိတယ်။ ဒီလိုဖြစ်တာကိုလည်း နားလည်ပါတယ်။ လုပ်ငန်းအဖွဲ့အစည်းတွေအနေနဲ့ အကျပ်အတည်း ဖြစ်တယ်ဆိုတာလည်း သဘောပေါက်တယ်။ မသင်ပေးပြန်လည်း အခက်၊ သင်ပေးလိုက်ပြန်လည်း ကိုယ့်ဆီမှာမနေဘဲ လုပ်ငန်းပြောင်းရွှေ့သွားရင် ရင်းနှီးမြှုပ်နှံမှုဆုံးရှုံးမှာကို စိုးရိမ်ကြမှာသာပါ။**

ကျွန်တော်ကတော့ "တတ်ပြေး" တာကို ပြဿနာတစ်ခုအနေနဲ့ မယူဆစေချင်ဘူး။ လုပ်ငန်းအဖွဲ့အစည်းရဲ့တာဝန်က မိမိ ဝန်ထမ်းတွေရဲ့ အရည်အသွေးကို အတတ်နိုင်ဆုံး မြှင့်တင်ပေးဖို့ဖြစ်တယ်။ အခုလို အရည်အသွေးအပြည့်အဝရှိတဲ့ ဝန်ထမ်းတွေနဲ့လုပ်မှ လုပ်ငန်းအတွက် အကျိုးအမြတ်ရှိနိုင်မှာ။ "တတ်ပြေး" တာကို စိတ်ပူနေရင် မတတ်အောင် တားမလား၊ ဒီမေးခွန်းကိုတော့ မေးဖို့လိုတယ်။ မတတ်တဲ့ ဝန်ထမ်းဖြစ်တာမို့ မပြေးတော့ပေမယ့် လုပ်ငန်းအတွက်တော့ ဘာမှအကျိုးရှိနိုင်မှာ မဟုတ်ပါဘူး။ ဒီအယူအဆနဲ့ အတူတချို့က "သမင်မွေးရင်း၊ ကျားစားရင်း" ဖြစ်နေတာကို စိုးရိမ်ကြတယ်။ ခက်တာက ကျားစားခံရမှာကို စိုးရိမ်နေပြီး သမင်က မမွေးရင် သမင်မျိုးသုဉ်းသွားနိုင်မှာဖြစ်ပါတယ်။ "တတ်ပြေး"တာ၊ "သမင်မွေးရင်း ကျားစား"တာတွေကို မစဉ်းစားသင့်ဘဲ မိမိဝန်ထမ်းတွေအတွက် အတတ်နိုင်ဆုံး အရည်အသွေးတိုးမြှင့်အောင်ဆောင်ရွက်စေချင်ပါတယ်။

**အခုလို သင်တန်းတွေပေးတဲ့အခါ လုပ်ငန်းအဖွဲ့အစည်းများအနေနဲ့ စဉ်းစားစီစဉ်သင့်တဲ့ အချက်အလက်အကြောင်းအရာတွေကို တင်ပြဆွေးနွေးချင်ပါတယ်။ ဝန်ထမ်းများကိုသင်တန်းပေးတဲ့အခါ သင်တန်းပေးခြင်းရဲ့ရည်ရွယ်ချက် အောင်မြင်မှုရှိစေရန် စီစဉ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မျက်စိမှိတ်ပြီး မလုပ်သင့်ပါဘူး။ ကျကျနနစဉ်းစားပြီးမှ လုပ်ဆောင်ရမှာသာ ဖြစ်ပါတယ်။ အခုလို စနစ်တကျဆောင်ရွက်ရင် ရင်းနှီးမြှုပ်နှံမှုဟာ အချည်းအနှီးဖြစ်မှာသာ ဖြစ်ပါတယ်။**

သင်တန်းနဲ့ပတ်သက်တဲ့ စရိတ်ကို တွက်ချက်တဲ့နေရာမှာလည်း စနစ်တကျစဉ်းစားတတ်ဖို့ လိုပါတယ်။ သင်တန်းစရိတ်လို့ပြောရင် များသောအားဖြင့် စာရင်းကိုင်တွေရဲ့ တွက်ချက်မှုကိုပဲ စဉ်းစားကြတယ်။ ဒါကြောင့်လည်း Accounting Costs လို့ ပြောကြတာ၊ အဓိပ္ပာယ်ကတော့ သင်တန်းနဲ့ပတ်သက်တဲ့ ကုန်ကျတဲ့ စရိတ်စကတွေကို ပြည့်ပြည့်စုံစုံတွက်ချက်ပြီး ဖော်ပြကြတယ်။ သင်တန်းကြေး၊ စားသောက်စရိတ်၊ အခန်းခ၊ သင်တန်းဆရာများအတွက် စရိတ်စကတွေကိုစုပေါင်းပြီး တွက်ချက်ပါတယ်။ ဒါပေမယ့် ဒီစာရင်းကိုင်စရိတ်ဟာ မပြည့်စုံပါဘူး။ စီးပွားရေး စရိတ်ကိုလည်း ထည့်တွက်ရမှာ ဖြစ်ပါတယ်။ စီးပွားရေးစရိတ်ဆိုတာက အခွင့်အလမ်းစရိတ်ကို ဆိုလိုခြင်းဖြစ်ပါတယ်။ သင်တန်းကာလဟာ တစ်ရက်ဆိုပါစို့၊ ဒီတစ်ရက်သင်တန်းတက်သူအနေနဲ့ သင်တန်းတက်နေတာမို့ ပုံမှန်တာဝန်တွေ၊ အလုပ်တွေလုပ်နိုင်မှာ မဟုတ်ပါ။ အခုလို အလုပ်မလုပ်နိုင်တာမို့ လုပ်ငန်းအဖွဲ့အစည်းအတွက် ဆုံးရှုံးမှုရှိနိုင်ပါတယ်။ ဒါကြောင့် ဒီဆုံးရှုံးမှုတွေဟာ အခွင့်အလမ်းစရိတ်တွေသာ ဖြစ်ပါတယ်။ အခွင့်အလမ်းစရိတ်ရဲ့သဘောသဘာဝကို ပိုပြီး သဘောပေါက်အောင် ဥပမာတစ်ခုပေးချင်ပါတယ်။ ဥပမာ-ကျောင်းတစ်ကျောင်း တည်ဆောက်တယ်ဆိုပါစို့၊ ကျောင်းဆောက်တဲ့ကုန်ကျစရိတ်ကို စာရင်းကိုင်စရိတ်နဲ့ စဉ်းစားပြီး တွက်ချက်ရင် မြေကြီးတန်ဖိုး၊ အဆောက်အအုံအတွက် အသုံးချတဲ့ ပစ္စည်းတန်ဖိုး၊ ဝန်ထမ်းအလုပ်သမားစရိတ် အစရှိတဲ့ စရိတ်တွေအားလုံးထည့်တွက်ပြီး ကျောင်းတစ်ကျောင်းရဲ့ ကုန်ကျစရိတ်ဟာ မည်ရွေ့ မည်မျှရှိကြောင်း ဖော်ထုတ်ပါတယ်။ ဒါက စာရင်းကိုင်စရိတ်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီကျောင်းဆောက်တဲ့အတွက် ကုန်ကျတဲ့ငွေကို တခြားနေရာမှာအသုံးချလို့ မရဘူးလား။ ဒီမေးခွန်းကို မေးရမှာဖြစ်တယ်။ မေးဖို့လိုပါတယ်။ ကျောင်းမဆောက်ဘဲဆေးရုံဆောက်နိုင်တယ်ဆိုပါစို့။ လမ်းဖောက်နိုင်တယ်ဆိုပါစို့။ ကျောင်းဆောက်တဲ့ငွေကြေးကို အသုံးချနိုင်မယ့် အသုံးပြုနိုင်မယ့် အခြားရွေးချယ်လို့ရတာတွေ စဉ်းစားပြီး ကျောင်းဆောက်ခြင်းရဲ့စရိတ်ဟာ ဒီကျောင်းမှာ အသုံးပြုလိုက်တဲ့ငွေကို တခြားနေရာမှာ အသုံးမချနိုင်တော့တာမို့ စွန့်လွှတ်လိုက်ရတဲ့ တန်ဖိုးကို စဉ်းစားရခြင်းသာဖြစ်ပါတယ်။

**အောင်မြင်ထိရောက်တဲ့ သင်တန်းတစ်ခုဖြစ်အောင် စနစ်တကျ အစီအစဉ်ချမှတ်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဓိကက သင်တန်းပေးရခြင်းရဲ့ ရည်ရွယ်ချက်ကို တိကျမှန်ကန်အောင် ဖော်ထုတ်ရမှာဖြစ်တယ်။ သင်တန်းပေးပြီးရလာတဲ့ အသိအသစ်တွေ၊ အတတ်အသစ်တွေ၊ စိတ်ထားအသစ်တွေကို လုပ်ငန်းခွင်မှာ အသုံးချနိုင်ဖို့ဖြစ်ပါတယ်။ ယေဘုယျတုန်းက ကျောင်းတက်သလို စဉ်းစားလို့မရတော့ဘဲ သင်တာတွေကို လုပ်ငန်းခွင်မှာ လက်တွေ့အခြေအနေမှာ အသုံးချဖို့သာ အဓိကဖြစ်ပါတယ်။ သင်တန်းတစ်ခုနဲ့ ပတ်သက်ပြီး စီစဉ်ဖော်ထုတ်ရာ၌ အပိုင်းနှစ်ပိုင်းခွဲပြီး စဉ်းစားဖို့ လိုအပ်ပါတယ်။**

> **သင်တန်းပေးတာကို စရိတ်အဖြစ် မစဉ်းစားဘဲ ရင်းနှီးမြှုပ်နှံမှုအဖြစ် စဉ်းစားဖို့ လိုအပ်ပါတယ်။ မိမိ ဝန်ထမ်းတွေ အရည်အသွေးတက်အောင် ဆောင်ရွက်ခြင်းဟာ လုပ်ငန်းအဖွဲ့အစည်းရဲ့ အနာဂတ်အတွက် ရင်းနှီးခြင်းသာ ဖြစ်ပါတယ်။**

ပထမအပိုင်းက သင်တန်းမတက်မီကာလ ဖြစ်ပါတယ်။ ဒီအပိုင်းဟာ အခြေခံဖြစ်ပေမယ့် လုပ်ငန်းအဖွဲ့အစည်းတွေမှာ ဆောင်ရွက်ချက်အားနည်းနေတာ တွေ့ရပါတယ်။ သင်တန်းပေးဖို့ စဉ်းစားရာမှာ သင်တန်းလိုအပ်ချက်ကို စနစ်တကျဆန်းစစ်ဖို့လိုအပ်ပါတယ်။ ဒါကို Training Needs Assessment (TNA)လို့ ခေါ်ဝေါ်သတ်မှတ်ပါတယ်။ အခုလို သင်တန်းပေးရခြင်းဟာ အသိနဲ့ ပတ်သက်လို့ လည်းကောင်း၊ အတတ်နဲ့ ပတ်သတ်လို့ လည်းကောင်း၊ အတွေးအခေါ် အပြုအမူနဲ့ပတ်သက်လို့ လည်းကောင်း ဒီလိုအပ်ချက်ရှိနေတဲ့အတွက် လိုအပ်ချက်ကွက်လပ်ကို သင်တန်းပေးပြီး ကွက်လပ်ဖြည့်ခြင်းဖြစ်ပါတယ်။ သင်တန်းပေးရခြင်းရဲ့ ရည်ရွယ်ချက်ကို ကြည်လင်အောင် ဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ ဇဝေဇဝါနဲ့ ဖြစ်သလို သင်တန်းပေးလိုက်တာမျိုး မဖြစ်သင့်ပါဘူး။ ဦးတည်ချက်မှန်မှန်ကန်ကန်နဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**သင်တန်းပေးတဲ့အတွက် သင်တန်းတက်ရောက်တဲ့ ဝန်ထမ်းအတွက် လည်းကောင်း၊ အဖွဲ့အစည်းအတွက်လည်းကောင်း ဘာအကျိုးကျေးဇူးတွေရဖို့ မျှော်လင့်ထားတာကိုလည်း သတ်မှတ်ဖို့ လိုအပ်ပါတယ်။ သင်တန်းတက်တဲ့ ဝန်ထမ်းလုပ်သူအနေနဲ့ ဒါကို သိနားလည်ဖို့လိုပါတယ်။ သင်တန်းတက်တဲ့အတွက် သူတို့ရဲ့ ကုန်ထုတ်စွမ်းအားတွေ တိုးမြှင့်လာမယ်၊ အလုပ်တွေကို အရင်ထက်ပိုပြီး ထိထိရောက်ရောက် လုပ်နိုင်မယ်၊ တာဝန်တွေပိုပြီးယူနိုင်မယ် အစရှိတဲ့ အကျိုးကျေးဇူးတွေကို ဖော်ထုတ်ရမှာဖြစ်တယ်။ အခုလို ဖော်ထုတ်တဲ့နေရာမှာ သင်တန်းသားတွေသာမက သင်တန်းသားတွေကိုကြီးကြပ်တဲ့ အထက်လူကြီးမန်နေဂျာတွေလည်း ပါဝင်ပြီးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အမှန်တော့ ကြီးကြပ်တဲ့သူဟာ အရေးကြီးပါတယ်။ သင်တန်းကရလာတဲ့ အသိပညာတွေကို အသုံးချနိုင်အောင်ဆောင်ရွက်တဲ့နေရာမှာ သူတို့က အဓိကဖြစ်ပါတယ်။**

ဒုတိယအပိုင်းကတော့ သင်တန်းပေးတဲ့ ကာလဖြစ်ပါတယ်။ သင်တန်းပေးတဲ့ သင်တန်းတာဝန်ခံတွေအနေနဲ့ ပထမပိုင်းမှာ ထွက်ပေါ်ခဲ့တဲ့ သင်တန်းဦးတည်ချက်တွေ၊ သင်တန်းကရရှိလာမယ့် အကျိုးကျေးဇူးတွေကို ပြန်လည်ဖော်ထုတ်အသိပေးရန် လိုအပ်ပါတယ်။ သင်တန်းဆောင်ရွက်ရာမှာလည်း သင်တန်းသားတွေ စိတ်ဝင်စားအောင် သင်တန်းပုံစံအမျိုးမျိုးရွေးချယ်ပြီး ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

သင်တန်းပေးတဲ့နေရာမှာလည်း လုပ်ငန်းခွင်ကသူတွေရော၊ လုပ်ငန်းပြင်ပက ခေါ်ယူတဲ့သူတွေပါ အသုံးပြုနိုင်ပါတယ်။ သင်တန်းပေးတဲ့နေရာမှာ မတတ်တဲ့သူတွေကို တတ်တဲ့သူက သင်တာမျိုး မဟုတ်ဘဲ သင်တန်းသားတစ်ဦးစီမှာရှိတဲ့ အသိတွေ၊ အမြင်တွေ၊ အတွေ့အကြုံတွေကို ဖော်ထုတ်ပြီး သင်တန်းသားအချင်းချင်း ဆွေးနွေးမျှဝေတဲ့ပုံစံဖြစ်ဖို့ လိုအပ်ပါတယ်။ သင်တန်းဆရာဟာ သင်ပေးရုံမဟုတ်ဘဲ ဖန်တီးပေးတဲ့သူဖြစ်ဖို့လိုအပ်ပါတယ်။ အလုပ်ခွင်ပြန်ရောက်ရင် သင်တန်းကရလာတဲ့ အသိတွေ၊ အတတ်တွေကို ဘယ်ပုံဘယ်လိုအသုံးချနိုင်မယ်ဆိုတာတွေကိုလည်း သင်တန်းသားအချင်းချင်း ဆွေးနွေးဖို့လိုအပ်မှာ ဖြစ်ပါတယ်။

နောက်ဆုံးအပိုင်းက သင်တန်းပြီးတဲ့ကာလဖြစ်ပါတယ်။ ကြီးကြပ်တဲ့ မန်နေဂျာလုပ်သူအနေနဲ့ သင်တန်းသားနဲ့တွေ့ပြီး သင်တန်းမှာ ရလာခဲ့တဲ့အသိအသစ်တွေ၊ အတတ်အသစ်တွေကို ဖော်ထုတ်ပြီး ဒါတွေကို အလုပ်ခွင်မှာ ဘယ်လိုအသုံးချမယ်ဆိုတဲ့ အစီအစဉ်တွေ ဖော်ထုတ်ဖို့လိုအပ်မှာဖြစ်တယ်။ သင်တန်းနဲ့ ပတ်သက်ပြီး သင်တန်းသားတစ်ဦးစီရဲ့အမြင်တွေ၊ အတွေ့အကြုံတွေကို ဆွေးနွေးဖို့လိုအပ်ပါတယ်။

**ကျွန်တော်တင်ပြခဲ့သလို သင်တန်းနဲ့ပတ်သက်ပြီး အပိုင်းနှစ်ပိုင်းခွဲကာ အစီအစဉ်တွေ ဆောင်ရွက်နိုင် ရင် သင်တန်းပေးမှုရဲ့ အကျိုးကျေးဇူးတွေရရှိမှာဖြစ်ပါ တယ်။ အမှန်တော့ သင်တန်းတစ်ခုဟာ ကုန်ကျစရိတ်များပါတယ်။ ဒီကုန်ကျစရိတ်နဲ့ထိုက်တန်အောင် စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ဖို့ အလွန်အရေးကြီးလှပါတယ်။ ။**

## ဝန်ထမ်းအိမ်ရာတိုက်ခန်းများ မကွေးမြို့ ပြည်တော်သာဝင်းအတွင်းတွင် ဆောက်လုပ်နေ

**မကွေး ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး ပြည်တော်သာရပ်ကွက် ပြည်တော်သာဝင်း အနီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်စီမံကိန်းဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ တိုက်ခန်းများ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဝန်ထမ်းအိမ်ရာ တိုက်ခန်းများကို လေးခန်းတွဲ သုံးလွှာတိုက်ခန်းများ၊ ခြောက်ခန်းတွဲ သုံးလွှာတိုက်ခန်းများ ဆောက်လုပ်နေကြောင်း သိရသည်။

အမှန်တကယ် ငှားရမ်းနေထိုင်သော ဝန်ထမ်းများကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများ၏ ထောက်ခံချက်များနှင့်အတူ တိုက်ခန်း လျှောက်လွှာပုံစံများတွင် ရေးသွင်းလျှောက်ထားနိုင်ကြောင်း သိရသည်။



တချို့ဝန်ထမ်းများမှာ လျှောက်လွှာများတင်ထားကြပြီး မြို့ရွာနှင့် အိုးအိမ်စီမံကိန်း ဦးစီးဌာနရုံး မကွေးမြို့နယ်တွင် အမှန်တကယ် အိမ်မရှိပါကြောင်း၊ ငှားရမ်းနေထိုင်ရပါကြောင်း၊ ယခုအချိန်ထိ အိမ်ငှားရမ်းနေထိုင်မှု အဆင်မပြေသေးကြောင်း၊ စတင်လျှောက်ထားသည့်လမှ စ၍ မကွေးမြို့တွင် နေထိုင်လျက်ရှိကြောင်း၊ မကွေးမြို့နယ် ဌာနဆိုင်ရာများတွင် အမှန်တကယ် လုပ်ကိုင်နေသော လက်ရှိဝန်ထမ်းဖြစ်ကြောင်း၊ အိမ်မရှိကြောင်း စသည်တို့ကို သုံးလတစ်ကြိမ် တာဝန်ရှိသူနှင့် ဆွေးနွေး၍ ဆောက်လုပ်ရေးဝန်ကြီးဌာန အိုးအိမ်စီမံကိန်းမြို့နယ်ရုံး မကွေးမြို့သို့ သုံးလတစ်ကြိမ် လက်မှတ်ရေးထိုး အသိပေးရကြောင်း ဝန်ထမ်းများက ပြောသည်။

**ငြိမ်းလှိုင်(စေတုတ္တရာ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၁-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၆)ပါရှိသော "ပြည်ထောင်စုအမွေ အမြဲတည်တံ့စေဖို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စို့" ဆောင်းပါး၏ တတိယစာပိုဒ်၊ စာကြောင်းရေ ၁၁ ပါ **"တနင်္သာရီကို သိမ်းပိုက်ခဲ့သည်၊** အစား **"တနင်္သာရီကို သိမ်းပိုက်ခဲ့သည့်"** ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန်။

တက္ကသိုလ်ပွင့်သူအောင်

ပြည်တွင်းသတင်း

# တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် စွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များအား ဂုဏ်ပြုခြင်းသည် မင်္ဂလာတရားပင်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်ခန်းမ၌ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် မမေ့အပ်သည့် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရာတွင် စီမံခန့်ခွဲရေးဆိုင်ရာ ဦးဆောင်မှုပေး၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ချစ်ကြည်ရေးတိုးတက်ဖြစ်ထွန်းစေရန် မဆုတ်မနစ် ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်အကျိုးအတွက် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ ကာကွယ်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်းဖြစ်သည့် ထူးခြားလေးနက်သည့် နေ့တစ်နေ့ဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့် အပ်နှင်းခြင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် ပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးနိုင်သော်လည်း ပြန်လည်ရရှိရေးအတွက်မှာ နှစ်ပေါင်းရှည်ကြာစွာ ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရသော သမိုင်းအစဉ်အလာများကို မိမိတို့ ကြုံတွေ့ဖြတ်သန်းရပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ (၆၇) နှစ်ရှိခဲ့ပြီး ရရှိပြီးသော လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် လွတ်လပ်သည့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် တာဝန်မှာ မိမိတို့ မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရန် ရည်မှန်းချက်ထား၍ ဘက်စုံထောင့်စုံမှ တည်ဆောက်လျက်ရှိရာ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ကြသည့် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးကဲကောင်းမွန်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် ပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိခဲ့ပါကြောင်း။

နိုင်ငံတော်အတွက် ကြံ့ခိုင်သောစိတ်ဓာတ်၊ စံတင်ထိုက်သော စွမ်းရည်၊ ဂုဏ်ယူထိုက်သော စွန့်စားခြင်းမျိုးနှင့် ထူးချွန်စွာဆောင်ရွက်ခဲ့သည့်ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ ချီးမြှင့်အပ်နှင်းခြင်း ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပပြုလုပ်ပြီး ချီးမြှင့်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဘွဲ့

*စာမျက်နှာ ၉ ကော်လံ ၅ သို့*





နိုင်ငံတော်သမ္မတဦးသိန်းစိန် သရေစည်သူဘွဲ့ရရှိသူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ ဒုတိယဗိုလ်မှူးကြီးဖြိုးဦးငြိမ်း(ကျဆုံး)ကိုယ်စား ဇနီးဒေါ်သိင်္ဂီရွှေစင်ဝင်းအား ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ တပ်ကြပ်ကြီးသက်ဦး(ကျဆုံး)ကိုယ်စား ဇနီးဒေါ်အေးအေးမာအား ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ တပ်ကြပ်မောင်ဖြူ(ကျဆုံး)ကိုယ်စား ဇနီးဒေါ်မြင့်မြင့်အေးအား ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ တပ်ကြပ်ကြီးသန်းဌေးအောင်အား ချီးမြှင့်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူရဘွဲ့ရရှိသူ ဒုတပ်ကြပ်ရန်နိုင်လင်း(ကျဆုံး)ကိုယ်စား ဇနီးဒေါ်သင်းသင်းအား ချီးမြှင့်စဉ်။ (သတင်းစဉ်)

## ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုပြီး ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**



**ဇန်နဝါရီ ၄ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အထက (၉) ကျောင်းဝင်း၌ လွတ် လပ် ရေး နေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပရာ ချောတိုင်တက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။**

(မြန်မာ့အလင်း)



**အများပြည်သူအားလပ်ရက်ဖြစ်သည့် လွတ်လပ်ရေးနေ့တွင် ရွှေတိဂုံဘုရားအနီးမှ ကန်တော်မင်ပန်းခြံ၌ အနားယူအပန်းဖြေနေသည့် ပြည်သူများဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။** မွန်းဦးနဒီ



**ဇန်နဝါရီ ၄ ရက်က (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာလှေသဘင်ပွဲတော်ကို မွန်ပြည်နယ် ရေးမြို့ ရှေးဟောင်းမြကန်သာ ကျုံးတော်ကြီး၌ ကျင်းပနေသည်ကိုတွေ့ရစဉ်။**

နေမျိုးထွဋ်(ရေး)



**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပစဉ်။**

မျိုးမင်းသိန်း(မရမ်းကုန်း)





# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားကျင်းပမှု မြင်ကွင်းပုံရိပ်များ





# နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်း၍ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြောင်းလဲလာသည့် ခေတ်သစ်စနစ်သစ်နှင့်အညီ ၂၀၁၂ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေး ညီလာခံတွင် နိုင်ငံတော်သမ္မတက အားလုံးပါဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် ပေါ်ထွက်လာစေရန် လမ်းညွှန်မှုပြုခဲ့သည်။

ထို့အပြင် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသည့် ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် နေပြည်တော်သဘောတူညီချက်အရ ထွက်ပေါ်လာသည့် လုပ်ငန်းအဖွဲ့များအနက် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းအဖွဲ့ပါဝင်ခဲ့ပြီး လုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ ဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ၊ INGO, NGO များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

နည်းပညာ အထောက်အကူအဖွဲ့၏ ပံ့ပိုးကူညီမှုများနှင့် ဒီဇင်ဘာလ ၃၀ ရက်တွင် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို မိတ်ဆက်ဖြန့်ချိခဲ့ပြီး စီမံချက်တွင် လုပ်ငန်းစဉ်(၈)ရပ် ပါဝင်သည်။ လုပ်ငန်းစဉ်များအနေဖြင့် (၁) ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ခြင်း၊ (၂)မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်း၊ (၃)အသက်သုံးနှစ်မှ(၁၅)နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ (၄) သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်း၊ (၅) ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း၊ (၆) အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပေးခြင်း၊ (၇)သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များအား ထောက်ပံ့ကူညီခြင်းနှင့် (၈) ဘက်စုံလူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းတို့ဖြစ်သည်။

အဓိကလုပ်ငန်းစဉ် ရှစ်ရပ်တွင် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းပါဝင်သည်။ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းတို့ပါဝင်ပြီး အဆိုပါအချက်များနှင့်အညီ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အောင်ပွဲအထိမ်းအမှတ်အနေဖြင့် တစ်နိုင်ငံလုံးတွင်ရှိသည့် အသက် ၁၀၀ နှင့်အထက် အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ တို့ကို နိုင်ငံတော်၏သက်ကြီးဝါကြီး ဂုဏ်ပြုခံပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်သမ္မတ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့် ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေမှ ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

အဆိုပါ ဂုဏ်ပြုလွှာများနှင့် အထောက်အပံ့များကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားခဲ့ရာတွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နေထိုင်ကြသော အသက် ၁၀၀ နှစ်နှင့် အထက် သက်ကြီးဝါကြီး အဘိုး အဘွားများဖြစ်သည့် အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ စုစုပေါင်း ၅၆၉ ဦးတို့ကို ယနေ့မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရရှိသည့် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေထဲမှ အထောက်အပံ့အဖြစ် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ ပေးအပ်သွားမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသွားခဲ့သည်။

နောင်နှစ်များတွင်လည်း အဘိုးအဘွားများ အသက် ၁၀၀ ပြည့်မြောက်လျှင် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ သတင်းပေးပို့အကြောင်းကြားပါက နိုင်ငံတော်သမ္မတအနေဖြင့် ဆက်လက်ပံ့ပိုးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၈၇ᵃ၊ ဧရိယာ ၀.၁၁၅၀၄၂ ဧကရှိ ဦးဉာဏ်ထူးလှိုင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးဉာဏ်ထူးလှိုင် ၉/ပမန(နိုင်)၀၅၁၈၇၁ (ဘ)ဦးအုန်းလှိုင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အထူးဝမ်းမြောက်ကြောင်းဆုမွန်လွှာ

သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း (D.S.T.O)အား Platinum Sponsor ပေးခဲ့သော နယူးစတားရတနာဆိုင်ပိုင်ရှင် **ဒေါ်ရင်ရွှင်**သည် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှချီးမြှင့်သော **သုဓမ္မသီဂိဘွဲ့**အား ရရှိသည့်အတွက် အသင်းကြီးမှ အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**ဥက္ကဋ္ဌနှင့် CECအဖွဲ့ဝင်များ**
**D.S.T.O**




## ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ



## စကျင်ကျောက်တော်ကြီး အခြောထည်ထုဆစ်မည့် အလုပ်ရုံဝင်းသို့ ပင့်ဆောင်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော် အောင်မော်ဠိတောင်ညွန့်တွင် တည်ထားကိုးကွယ်မည့် မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးထုဆစ်ရန် စကျင်ကျောက်တော်ကြီးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်ဦးဆောင်ပြီး နေပြည်တော်ကောင်စီဝင်များ ကြီးကြပ်လျက် ညအိပ်ရပ်နားခဲ့သည့် ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်လမ်းဆုံ (စီလမ်းဆုံ) မြို့ဝင်ဂိတ်နေရာမှ ရုပ်ရှင်တော်မြတ်ကြီး အခြောထည်ထုဆစ်မည့် ပုဗ္ဗသီရိမြို့နယ် အေစီအီးအလုပ်ရုံဝင်းအတွင်းသို့ မွန်းတည့် ၁၂ နာရီတွင် ပင့်ဆောင်ရောက်ရှိသည်။ ပင့်ဆောင်ရာလမ်းတစ်လျှောက်တွင် ရဟန်း၊ ရှင်လူပြည်သူများက စောင့်မျှော်ဖူးမြော်ကြပြီး အလှူငွေများထည့်ဝင်ကြကြောင်း တွေ့ရသည်။

ဆက်လက်ပြီး ဆင်နှစ်ကောင်မိသားစုကုမ္ပဏီမှ အခြောထည်ထုဆစ်မည့် သတ်မှတ်နေရာတွင် နေရာချထားရေးဆောင်ရွက်ကြရာ ညနေ ၅ နာရီခွဲတွင် အောင်မြင်စွာ နေရာချထားပေးနိုင်ခဲ့သည်။

စကျင် ကျောက်တော်ကြီးကို စကျင်ကျေးရွာမှ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က စတင်ပင့်ဆောင်ခဲ့ပြီး တံတားဦးမြို့နယ် စကားအင်း လမ်းအသုံးပြုခကောက်ခံရေးစခန်း၌ တစ်ည၊ မိတ္ထီလာမြို့နယ် သီးကုန်းယာဉ်ရပ်နားစခန်း၌ တစ်ည၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်လမ်းဆုံ (စီလမ်းဆုံ) ၌တစ်ည ရပ်နားခဲ့ရကာ ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ စကျင်ကျေးရွာမှ နေပြည်တော်ရှိ အခြောထည်ထုဆစ်မည့်အလုပ်ရုံဝင်းအထိ မိုင်ပေါင်း ၂၂၂ မိုင် ပင့်ဆောင်ခဲ့ရပြီး ပင့်ဆောင်ရာလမ်းတစ်လျှောက်ရှိ ရဟန်း၊ ရှင်လူပြည်သူများက စေတနာသဒ္ဓါထက်သန်စွာလှူဒါန်းကြရာ စုစုပေါင်း လှူဒါန်းငွေကျပ် ၆၉ သိန်း ခုနစ်သောင်း ရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နောင်ချိုအေးရှားဝေါလ်တိုးဂိတ်အနီး ပစ်ခတ်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရှိ အေးရှားဝေါလ် တိုးဂိတ်အနီး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က မန္တလေးဘက်မှ မောင်းနှင်လာသော ယာဉ်ငယ်တစ်စီးသည် တိုးဂိတ်အလွန် စစ်ဆေးရေးဂိတ်အနီးအရောက် ယာဉ်၏နောက်ခန်းမှနေ၍ လက်နက်ငယ်ဖြင့် သုံးချက်ပစ်ခတ်ပြီး ကျောက်မဲမြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ကလည်း ပြန်လည်ပစ်ခတ်ခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရရှိခဲ့ခြင်းမရှိဘဲ အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

| | |
|---|---|
| အမည်ပြောင်း | အားကစားနှင့်ကာယပညာ ပေါင်းစပ်သင်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး ဘီလိယက်၊ စနူကာနှင့် အားကစားနည်းမှ ဘားအံမြို့ ဦးညီစိုးလွင်-ဒေါ်မြင့်မြင့်အေးတို့၏သား စောအောင်ဆန်းလွင်အား မောင်ရဲရင့်ရှိုင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ရဲရင့်ရှိုင်း** |



## အမှတ် ၅၁၈(အေ)၊ အာသာဝတီလမ်းမ၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေအိမ်အား ကန်ထရိုက်တိုက်ဆောက်လုပ်ရန် ကတိစာချုပ်အားဖျက်သိမ်းကြောင်း ကန်ထရိုက်တာ ဦးအောင်ကျော်စိုးနှင့် အများသိစေရန် ကြေညာချက်

ဒေါ်ခင်စန်းရီ ၁၂/ဥကမ(နိုင်)၀၄၅၁၇၄ ပိုင်ဆိုင်သော အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်ပေါ်၌ အာရ်စီကန်ထရိုက်တိုက်တစ်လုံးကို အခန်းပေး အခန်းယူစနစ်ဖြင့် ဆောက်လုပ်ရန် မြေရှင်ဒေါ်ခင်စန်းရီနှင့် ကန်ထရိုက်တာ ဦးအောင်ကျော်စိုးတို့သည် ၂-၁၁-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်အား ချုပ်ဆိုခဲ့ကြသော်လည်း ကန်ထရိုက်တာဦးအောင်ကျော်စိုးမှ ယနေ့ထိ အဆိုပါကန်ထရိုက်တိုက်အား စတင်ဆောက်လုပ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် အဆိုပါကန်ထရိုက်တိုက်ဆောက်လုပ်ရန် သဘောတူကတိစာချုပ်နှင့်တကွ ကန်ထရိုက်တာထံသို့ လွှဲအပ်ထားသည့် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၇၁၈/၂၀၁၃ကို မြေရှင်ဘက်မှ ပြန်လည်ဖျက်သိမ်းလိုက်ပြီဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန်ထရိုက်တာ ရောင်းချထားသော တိုက်ခန်းများ၏ကိစ္စရပ်များမှာ မြေရှင်ဖြစ်သူ ဒေါ်ခင်စန်းရီနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ကန်ထရိုက်တာဦးအောင်ကျော်စိုး၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**အမှတ် ၅၆၁၊ MAC Tower၊ အခန်း ၃၀၂၊ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## နိုင်ငံတကာအားကစားနှင့် ကျော်ငြာ

# ရီးရဲမက်ဒရစ်တို့ ခက်ခဲမယ့် ကိုပါဒယ်ရေးဖလားပွဲ

မိုးမြင့်လင်းလက်

**စပိန်ကိုပါဒယ်ရေးဖလား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက်နဲ့ ၇ ရက်တို့မှာ ယှဉ်ပြိုင်ကစားတဲ့အခါ လာလီဂါ ထိပ်တန်းကလပ်ရီးရဲမက်ဒရစ်တို့က အက်သလက်တီကို အသင်းနဲ့တွေ့ဆုံရမှာမို့ အကြိတ်အနယ်ရှိမယ့် ပွဲစဉ်ဖြစ်ပြီး ဘာစီလိုနာတို့ကတော့ အဲလ်ချီနဲ့ဆုံရမှာမို့ စိုးရိမ်မှုနည်းစွာနဲ့ ကစားရမယ့်အနေအထားရှိနေပါတယ်။**

**အက်သလက်တီကိုနှင့်ရီးရဲမက်ဒရစ်**

အိမ်ကွင်းမှာ ဘီလ်ဘာအိုအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားနိုင်ခဲ့တဲ့ အက်သလက်တီကိုတို့ဟာ ရီးရဲမက်ဒရစ်ကို အလေးအနက်ထားပြီး ပြင်ဆင်ကစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်တို့က နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားတာမို့ အခုပွဲမှာလည်း အဝေးကွင်းဆိုပေမယ့် ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရအောင် အားထုတ်ဦးမယ့်ပွဲပါပဲ။ ဒါပေမယ့် ဒီနှစ်သင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ အက်သလက်တီကိုတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာကလည်း သတိပြုစရာဖြစ်နေပါတယ်။

**ဘာစီလိုနာနှင့် အဲလ်ချီ**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် ဘာစီလိုနာတို့က သုံးဂိုးပြတ်နဲ့နိုင်ပွဲရထားပါတယ်။ ဘာစီလိုနာရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲသာ သရေပွဲဖြစ်ပြီး ကျန်လေးပွဲနိုင်ပွဲရရှိထားပါတယ်။ အဲလ်ချီတို့ကတော့ ရှုံးပွဲတွေများနေတာမို့ ဘာစီလိုနာကို ခြေရည်တူရင်ဆိုင်ဖို့ မလွယ်ပါဘူး။

**ဂရန်နာဒါနှင့် ဆီဗီလာ**

နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဆီဗီလာတို့က ဂရန်နာဒါကို ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူထားပါတယ်။ ဆီဗီလာတို့က အဝေးကွင်း၊ အိမ်ကွင်းခြေစွမ်းပြနေတာမို့ သရေပွဲများနေတဲ့ ဂရန်နာဒါတို့ ဒီပွဲမှာ သရေပွဲကစားနိုင်ရင်ပဲ ပျော်ရွှင်ရမယ့်အခြေအနေဖြစ်ပါတယ်။

**ဗလင်စီယာနှင့် အက်စ်ပန်ညို**

နှစ်သင်းစလုံးခြေစွမ်းကောင်းမွန်နေတာမို့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဗလင်စီယာတို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရယူခဲ့တာမို့ အခုပွဲမှာ ခြေစွမ်းတက်ရိပ်ပြနေတဲ့ အက်စ်ပန်ညိုတို့ ရှုံးကြွေးပြန်ဆပ်နိုင် မလားကြည့်ရမှာပါ။ အိမ်ရှင်ဖြစ်တဲ့ ဗလင်စီယာတိုက်စစ်ကို ပိုပြီး သဘောကျစရာဖြစ်နေပါတယ်။

**အယ်မာရီးယားနှင့်ဂီတာဖေး**

ဘာစီလိုနာကို ဂိုးမရှိသရေပွဲကစားခဲ့တဲ့ ဂီတာဖေးရဲ့ ခြေစွမ်းဟာ အလေးထားစရာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိသေးတဲ့ ဂီတာဖေးရဲ့ခြေစွမ်းက တည်ငြိမ်နေပြီး အကောင်းဆုံးခံစစ်ပုံစံလည်းရရှိနေပါတယ်။ နိုင်ပွဲတွေ ပြန်ရနေတဲ့ အယ်မာရီးယားတို့ကလည်း ခြေစွမ်းမာကျောတာမို့ ဒီပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဗီလာရီးရဲနှင့် ဆိုစီဒက်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ရလဒ်မှာ ဗီလာရီးရဲတို့က လေးဂိုးပြတ်နိုင်ပွဲရရှိထားပါတယ်။ လက်ရှိခြေစွမ်းမှာလည်း ဗီလာရီးရဲတို့က နိုင်ပွဲတွေ ဆက်တိုက်ရယူနေတာမို့ ဆိုစီဒက်တို့ အခုပွဲမှာ မျှော်လင့်ချက်ထားလို့ မရနိုင်တဲ့ပွဲပါ။

## လက်စတာက နယူးကာဆယ်ကို အနိုင်ကစား

အက်ဖ်အေဖလား တတိယအဆင့်ပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာစီးတီးအသင်းက နယူးကာဆယ်ကိုနိုင်ပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားခဲ့သည်။ ပရီမီယာလိဂ်တွင် ဇယားအောက်ဆုံးရောက်နေသော လက်စတာစီးတီးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ယူယာလိုက အန်ထော်နီနောက်ကန်ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ နည်းပြမရှိဖြစ်နေသော နယူးကာဆယ်အသင်းသည် နှစ်သစ်ကူးနေ့တွင်လည်း ဘန်လေကို သုံးဂိုးစီဖြင့် သရေကျခဲ့သည်။ နယူးကာဆယ်နည်းပြအလန်ပါဒူးသည် ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သဖြင့် လက်ထောက်နည်းပြဂျွန်ကာဗာက ယာယီနည်းပြတာဝန်ယူလျက်ရှိသည်။ ပရီမီယာလိဂ်တန်းဆင်းဇုန်အတွင်းရောက်ရှိနေသော လက်စတာစီးတီးအသင်းသည် နိုင်ပွဲများဆက်တိုက်ရရှိလျက်ရှိသည်။

## အင်ဒီမာရေး ကမ္ဘာ့တင်းနစ်ချန်ပီယံရှစ်ဖလားဆွတ်ခူး



ဗြိတိသျှနာမည်ကြီး တင်းနစ်အားကစားသမား အင်ဒီမာရေးသည် အဘူဒါဘီ၌ ကျင်းပသော မူဘာဒါလာ ကမ္ဘာ့တင်းနစ်ချန်ပီယံရှစ် ဗိုလ်လုပွဲတွင် ဂျိုကိုဗစ် နာမကျန်းဖြစ်ကာ ပြိုင်ပွဲမှ ထွက်ခွာသွား၍ ၂၀၁၅ ခုနှစ်အတွင်း ပထမဆုံးသော ဖလားဆွတ်ခူးသွားခဲ့သည်။

ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်က သူ့အနေဖြင့် ဗိုလ်လုပွဲကစားရန် အသင့်မဖြစ်သေးကြောင်း ပြိုင်ပွဲမတိုင်မီပြောကြားခဲ့သည်။ "ဒီနေ့ ကျွန်တော်ဖျားနေတယ်။ ပြိုင်ပွဲကစားနိုင်တော့မှာ မဟုတ်ပါဘူး" ဟု အကြိုဗိုလ်လုပွဲတွင် ဆွစ်ဇာလန်မှ စတန်ဝါရင်ကာကို ၆-၁၊ ၆-၂ ဖြင့်နိုင်ခဲ့သော ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က ဆိုသည်။

အင်ဒီမာရေးအနေဖြင့် အဆိုပါပြိုင်ပွဲ ဖလားဆွတ်ခူးလိုက်နိုင်၍ ဇန်နဝါရီ ၁၉ ရက်တွင် မဲလ်ဘုန်း၌ ပြိုင်ပွဲစတင်မည့် ဩစတြေးလျအိုးပင်းအတွက် အလားအလာကောင်းများ ရရှိသွားခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## စီးရီးအေ၊ လာလီဂါနှင့် ဖလားပွဲစဉ်များ

သီဟ

| | | | |
|---|---|---|---|
| **စပိန်လာလီဂါ ပွဲစဉ်(၁၇)** | | | **ဇန်နဝါရီ ၆** |
| ကော်ဒိုဘာ | - | ဂရန်နာဒါ | နံနက် ၂း၁၅ |
| **အင်္ဂလန်အက်ဖ်အေဖလား** | | | **ဇန်နဝါရီ ၆** |
| ဘန်လေ | - | စပါး | နံနက် ၂း၁၅ |
| ဝင်ဘယ်ဒန် | - | လီဗာပူး | နံနက် ၂း၂၅ |
| **Coupe de France** | | | **ဇန်နဝါရီ ၆** |
| မောင့်ပယ်လီယာ | - | ပီအက်စ်ဂျီ | နံနက် ၂း၁၅ |
| **အီတလီစီးရီးအေ ပွဲစဉ်(၁၇)** | | | **ဇန်နဝါရီ ၆** |
| လာဇီယို | - | ဆမ်ဒိုးရီးယား | နံနက် ၂း၁၅ |
| **နိုင်ငံခြေစမ်းပွဲစဉ်** | | | **ဇန်နဝါရီ ၅** |
| တရုတ် | - | အိုမန် | ညနေ ၅း၃၀ |

**ဇန်နဝါရီ ၃/၄ ဂိုးရလဒ်များ**

| | | |
|---|---|---|
| အက်သလက်တီကို | ၃-၁ | လီဗန်တေး |
| ဆီဗီလာ | ၁-၀ | ဆယ်လ်တာဗီဂို |
| အယ်လ်ချီ | ၂-၂ | ဗီလာရီးရဲလ် |
| ဒီပို့တီဗို | ၁-၀ | ဘီလ်ဘာအို |
| မာလာဂါ | ၁-၂ | အယ်လ်မာရီးယား |
| ချာလ်တန် | ၁-၂ | ဘလက်ဘန်း |
| ဝက်စ်ဘရွန်း | ၇-၀ | ဂါတီရှိတ် |
| စပါတန် | ၂-၃ | ဘာမင်ဂမ် |
| ရိုသာဟမ် | ၁-၅ | ဘုန်းမောက် |
| ထရန်မီးယား | ၂-၆ | ဆွမ်ဆီး |
| ပရက်စ်တန် | ၂-၀ | နော့ဝှစ်ချ် |

SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ
49**-170000
73**-100000
86**-120000
ဖုန်း-၀၉-၇၃၀၂၆၀၀၀၊ ၀၉-၅၄၀၄၅၉၆

စာအုပ်စာပေ
လှူမိတ်ဆွေ

Ph : 380141, 241663, 09 43043109, 09 73251422

**ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်**



**ဦးဇော်မင်းစိန် တရားလွှတ်တော်ရှေ့နေ**





ကြော်ငြာ


SKYSUITES
PRIVATE & QUALITY LIVING
FREEHOLD
LAND
ရာဝတီဘဏ်
AYA Bank
အကောင်းဆုံးငွေပေးချေမှုစနစ်
တစ်လလျှင် ၃၉ သိန်း
မှစ၍
Q HOME
Quality Home, Quality Life
No.23, Yanshin Road,
Yankin Township, Yangon Myanmar
Hotline +959-252 80 8200, 252 80 8300
*terms & conditions apply
*Limited qty
SPINE
507

# သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအဖြာဖြာ

{အပိုင်း - ၁၅}

■ ပါမောက္ခခင်မောင်ဝင်း (အသည်း) ■

## Pitfalls in English -အမှတ်မထင်လွဲတတ်တဲ့ အင်္ဂလိပ်စာအသုံးအနှုန်းများ

Pitfall ဆိုတာကို တချို့အဘိဓာန်တွေမှာ 'မထင်မှတ်ဘဲ ကျရောက်တဲ့ အန္တရာယ်' လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ Pit ဆိုတာက မြေကြီးထဲမှာ နက်နက်တူးထားတဲ့တွင်း၊ fall ဆိုတာက ကျသည်။ ပြုတ်ကျသည်။ ဒီတော့ pitfall ဆိုတာကတော့ နားလည်လွယ်အောင် ပြောရရင် ထောင်ချောက်ပေ့ါ။ မြေကြီးမှာ တွင်းတူးထားပြီး အပေါ်ရံက ဖုံးထားတော့ သားကောင်ဖြစ်စေ၊ လူဖြစ်စေ အပေါ်မှာနင်းမိတဲ့အခါ တွင်းထဲပြုတ်ကျပြီး အန္တရာယ်နဲ့တွေ့ရတယ်။ ဒါကြောင့် Pitfalls in English ဆိုတာ အင်္ဂလိပ် ဘာသာစကားမှာ အမှုမဲ့ အမှတ်မဲ့ သုံးနှုန်း၊ ပြောဆို၊ ရေးသားတဲ့အခါ မထင်မှတ်ဘဲ လွဲမှားနိုင်တာတွေလို့ ပြောရမှာပါ။ ဒီလို လွဲမှားတတ်တဲ့ အချက်တွေထဲက လူအများမှားလေ့ရှိတာ တွေ တချို့ကိုသတိထားပြီး မမှားနိုင်အောင် ရေးပြသွားပါမယ်။

### အများအားဖြင့် တွေ့ရတတ်တဲ့ ခလုတ်ကန်သင်းများ

### Attraction (ဆွဲဆောင်မှု)

မကြာခဏတွေ့ရတတ်တာက ကြိယာကို သူ့ရဲ့ ကတ္တားအမှန်နဲ့ ခွဲထားပြီး ကြားထဲမှာ စကားလုံးတွေ ခံထားတာပါ။ ဒီလိုအခါမျိုးမှာ ကြိယာပုဒ်ဟာ သူနဲ့နီးစပ်ရာ ကတ္တားတလွဲရဲ့ ဆွဲဆောင်မှုကို လွဲမှားပြီးလိုက်သွားတတ်ပါတယ်။ နာမည်ရ စာရေးဆရာများ၊သတင်းစာကြီးတွေတောင် ဒီအမှားမျိုးရေးသားမိတာ တွေ့ရပါတယ်။

-The partition which the two ministers made of the powers of government were singularly happy.-Macaulay

ဒီနေရာမှာ ကတ္တားက partition ဖြစ်တဲ့အတွက် were အစား was သုံးရပါမယ်။

-The Tibetans have engaged to exclude from their country those dangerous influences whose appearance were the chief cause of our action. -The Times. ကတ္တားက appearance ဖြစ်လို့ သူနဲ့ကိုက်ညီအောင် was သုံးရမှာပါ။

-An immense amuount of confusion and difference prevail in these days. Telegraph. Amount နဲ့ကိုက်ညီအောင် Prevails သုံးရမှာပါ။

### Ellipsis (စကားလုံးမြှုပ်ချန်ခြင်း)

ဝါကျတစ်ခုမှာ အဓိပ္ပာယ်မပျက်စေဘဲ စကားလုံးတချို့ကို တမင်ချန်လှပ်ထားခဲ့တာကို ellipsis လို့ ခေါ်ပါတယ်။ တချို့နေရာတွေမှာ ချန်ထားခဲ့တယ်ဆိုတာကို (. . .) အစက်သုံးစက်နဲ့ အမှတ်အသားပြထားတာကိုလည်း Ellipsis လို့ ခေါ်ပါတယ်။ စာဖတ်သူအနေနဲ့ ဘာစကားလုံးတွေ ချန်ထားခဲ့တယ်ဆိုတာ သိနိုင်ပါတယ်။ ပါဠိဘာသာမှာ ပေယျာလနဲ့ဆင်ပါတယ်။ ပိဋကတ်တော်တွေမှာ ထပ်ခါတလဲလဲပါတဲ့ စာတွေကို ။ပ။ သင်္ကေတနဲ့ပြပြီး ချန်လှပ်ခဲ့ပါတယ်။ ခုလို ချန်လှပ်ခဲ့တာမှာ အထူးသဖြင့် ဝိဘတ် (prepositions) တွေမြှုပ်ချန်တာမှာ မှားယွင်းမှုများ ကြုံတွေ့ရတတ်ပါတယ်။

အောက်မှာ ဥပမာ ဖော်ပြပေးပါမယ်။

His objection and condoning of the boy's course, seemed to say the least,paradoxical.

ဒီဝါကျမှာ objection နောက်က ဝိဘတ်ကိုမြှုပ်ချန်ထားတာတွေ့ရပါတယ်။ ဒီလိုချန်ထားလိုက်တဲ့အတွက် objection of ဆိုသလိုဖြစ်နေပါတယ်။ အမှန်က objection to and condoning of လို့ ရေးရမှာပါ။

Mang brilliant men are crushed by free of circumstances and their genius forever lost to the world.

ဒီဝါကျမှာ genius နောက်က စကားလုံးကို ချန်ခဲ့ပါတယ်။ ဒီတော့ their genius are forever lost ဆိုသလို ဖြစ်နေပါတယ်။ တကယ် ဖြစ်သင့်တာက their genius is forever lost ပါ။

ဒီတော့ ဂရုစိုက်ရမှာက ကိုယ်ချန်လှပ်ခဲ့တဲ့ စကားလုံးဟာ ဝါကျကို လိုက်ပြီး ထည့်ဖတ်ခဲ့ရင် မှန်ရဲ့လားဆိုတာ ပြန်ဆန်းစစ်ဖို့ပါ။

### One

One ကို လူပုဂ္ဂိုလ်အစားသုံးတဲ့အခါမှာ ရှုပ်ထွေးမှုရှိတတ်ပါတယ်။ ဝါကျတစ်ခုကို One နဲ့စပြီး သုံးလိုက်ရင် ဒီစကားလုံးက ကိုယ်စားပြုထားတဲ့ ပုဂ္ဂိုလ်အတွက် နေရာတိုင်းမှာ One သုံးရပါမယ်။ ဥပမာ one must mind one's own business if one wishes to succeed, ဆိုတာ သုံးနည်းအမှန်ပါ။ ကြည့်လိုက်ရင်တော့ စကားလုံးတွေဖောင်းပွပြီး ဖတ်ရတာ ကိုးရိုးကားရားလို့ ထင်စရာပါ။

One must mind his own business if the wishes to succeed လို့ ရေးလို့ မရပါဘူး။

ဘာလို့လဲဆိုတော့ One ဆိုတာ ဘယ်တစ်ဦးတစ်ယောက်ကိုမှ ကိုယ်စားမပြုတဲ့အတွက် မိန်းမ-ယောကျာ်းနှစ်မျိုးလုံးအတွက် အသုံးပြုထားလို့ပါ။

### Only

ဒီစကားလုံးကို သုံးစွဲရာမှာ စာပေမကျွမ်းကျင်သူရော၊ စာပေနှံ့စပ်သူတွေပါ မှားတတ်ကြပါတယ်။ သူပို့ထားတဲ့နေရာပေါ်မူတည်ပြီး ဝါကျတစ်ခုရဲ့ အဓိပ္ပာယ်က အမျိုးမျိုးပြောင်းသွားနိုင်ပါတယ်။ ဥပမာတွေနဲ့ အောက်မှာ နှိုင်းယှဉ်ပြပါမယ်။

I only struck him that time. အဲဒီတုန်းက ကျွန်တော်သူ့ကိုရိုက်ရုံပဲ ရိုက်တာ။

ဆိုလိုတာက ခြေနဲ့မကန်ဘူး၊ မဆဲဘူး ဆိုတဲ့သဘော။

I struck only him that time.- ဒီလိုရေးပြန်တော့ အဲဒီအချိန်က ကျွန်တော် သူ့ကိုပဲ ရိုက်နှက်တာ၊ ဘယ်သူ့ကိုမှ မရိုက်နှက်ဘူးပေ့ါ။

ဒီလိုစကားကို အမျိုးမျိုး အဓိပ္ပာယ်ပြောင်းစေနိုင်တဲ့ ဒီ only ဆိုတဲ့ စကားလုံးကို လူတော်တော်များများ လက်လွတ်စပယ် သုံးတတ်ကြလို့သတိထားသုံးစွဲသင့်ပါတယ်။

အကောင်းဆုံးကတော့ only ကို ကိုယ်အထူးပြုချင်တဲ့ စကားရှေ့မှာထားတာပါပဲ။

### Alone

ဒီစကားကလည်း only လိုပဲ ရှုပ်ထွေးတဲ့အဓိပ္ပာယ်တွေဖော်ဆောင်တတ်ပါတယ်။

ဥပမာ-

I alone struck him at that time.-အဓိပ္ပာယ်က ကျွန်တော်တစ်ယောက်တည်း သူ့ကိုရိုက်တာ၊ တခြားသူတွေမပါဘူး။

I struck him alone at that time. -ဒီလိုရေးလိုက်တော့ အဲ့ဒီအချိန်မှာ ဘယ်သူမှ မပါဘူး။ တစ်ယောက်တည်းနဲ့သူ့ကိုရိုက်တာလို့ အဓိပ္ပာယ်ရပါတယ်။

I struck him at that time alone.-အဲ့ဒီအချိန်မှာပဲ သူ့ကိုရိုက်တာ၊ အရင်က မရိုက်ဖူးဘူးလို့ အဓိပ္ပာယ်ရသွားပါတယ်။

မှန်မှန်ကန်ကန်သုံးစွဲဖို့ကတော့ only သုံးတဲ့နည်းအတိုင်းပါပဲ။

### Other နဲ့ Another

ဒီစကားလုံးနှစ်လုံးဟာ သုံးတဲ့အပေါ်မူတည်ပြီး ကိုယ်ပြောချင်တဲ့ အဓိပ္ပာယ်နဲ့တခြားစီ ဖြစ်သွားတတ်ပါတယ်။

I have nothing to do with that other fool across the street.

ဒီလိုရေးလိုက်ရင် ကိုယ်ကိုယ်တိုင်ပါ အရူးဆိုသလိုဖြစ်သွားတတ်ပါတယ်။

I sent the letter to my friend, but another villain intercepted it.

ဒီစာကြောင်းမှာလည်း ထည့်သုံးလိုက်တဲ့အတွက် ကိုယ့်သူငယ်ချင်းပါ လူဆိုးလူမိုက် villain ဆိုတဲ့သဘောသက်ရောက်သွားပါတယ်။

အကောင်းဆုံးကတော့ ဒီစကားလုံးတွေကို မလိုအပ်ဘဲ မသုံးပါနဲ့၊ ဖြုတ်လို့ရရင် ဖြုတ်လိုက်ပါ။ ဒါပေမယ့် တကယ်လိုအပ်တဲ့နေရာတွေမှာတော့ သုံးရမှာပေ့ါ။

### Farther နဲ့ Further

Farther-ပို၍ ဝေးလံခြင်း၊ ကွာဝေးခြင်းလို့ပြောချင်တဲ့အခါမှာ သုံးပါတယ်။

I have walked farther than you. -ငါလမ်းလျှောက်တာ မင်းထက်ပိုဝေး တယ်။

further -နောက်ထပ်၊ ဒို့ထက် (ပို၍ တိုး၍)

I need no further supply,-ငါနောက်ထပ် ထောက်ပံ့ပစ္စည်းမလိုတော့ဘူး။

ပိုမိုဝေးကွာတာကို ပြောတဲ့နေရာမှာ နှစ်မျိုးလုံးကိုသုံးကြပါတယ်။ ဒါပေမယ့် ထပ်ဆင့်၊ နောက်ထပ်ဆိုတဲ့နေရာမှာတော့ further ကိုပဲ သုံးရပါမယ်။ further education နေရာမှာ farther education လို့ ရေးလို့မရပါဘူး။

### Neither-nor

ကတ္တားနှစ်ခုကို neither-nor နဲ့ ဆက်ပြီးသုံးတဲ့အခါ ကြိယာဟာ ဧကဝုဒ် (singular) ဖြစ်ပါတယ်။

Neither John nor jane was there.were there လို့သုံးရင်မှားပါတယ်။

### Each, every,either,neither

ဒီစကားလုံးတွေကို လူတော်တော်များများ လွဲမှားပြီး သုံးတတ်ကြပါတယ်။ each ဆိုတာကို အရေအတွက် နှစ်ခုနဲ့အထက် များတဲ့ထဲက တစ်ခု၊ တစ်ကောင်၊ တစ်ယောက်စသဖြင့် သီးခြားစီဖော်ပြလိုတဲ့အခါမှာ သုံးပါတယ်။

Every - ဆိုတာရောက်တော့ အရေအတွက် နှစ်ခုအထက်ပိုတာမှာသုံးပြီး အားလုံးထဲက အရာတိုင်းကို ဆိုလိုပါတယ်။

Either- ဆိုတာနှစ်ခုထဲက တစ်ခုကို ပြောတာပါ။

Neither- ဆိုတာ either ရဲ့ ဆန့်ကျင်ဘက်ဖြစ်ပြီးလူနှစ်ဦးဒါမှမဟုတ် အရာဝတ္ထုနှစ်ခုထဲက တစ်ခုမှမဟုတ်တာကို ပြောတာပါ။

အောက်မှာ ဖော်ပြထားတဲ့ဝါကျတွေကို ကြည့်ရင်ပိုပြီး ရှင်းပါလိမ့်မယ်။

Each man of the event received areward အဖွဲ့သားအားလုံးထဲမှာ တစ်ဦးစီ ဆုတံဆိပ်တစ်ခုစီ ရကြတယ်။

Every man in the regiment displayed bravery တပ်ရင်းက လူအားလုံးဟာ ရဲစွမ်းသတ္တိကို ပြခဲ့ကြတယ်။

We can Walk on either side of the street. လမ်းရဲ့ ကြိုက်တဲ့ဘက်က လမ်းလျှောက်နိုင်တယ်။

Neither of the two is to blame နှစ်ယောက်ထဲက ဘယ်သူ့ကိုမှ အပြစ်တင်စရာ မရှိဘူး။

ခု ရေးပြတာလေးတွေကတော့ အဖြစ်များတဲ့ မှားယွင်းမှုလေးတွေ pitfalls လေးတွေဖြစ်ပါတယ်။ မိမိဘာသာ ဆက်လက်လေ့လာကြပါ။ ခေါင်းစဉ်မှာ တပ်ထားတဲ့အတိုင်း pitfalls ဆိုတဲ့ အင်္ဂလိပ်စာရဲ့ ထောင်ချောက်တွင်းလေးတွေကို ရှောင်ရှားသွားနိုင်ကြပါစေ။


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၇၀၀၄၉၊ Honda C90 Custom CMV, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုစိုး ၅/အရတ (နိုင်)၀၀၆၂၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃/၆၂၉၆၉၊ Follow me, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးဝင်း ၉/မနမ (နိုင်) ၀၁၉၃၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ယ/၄၉၃၅၁ Tiger Smart 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောဝါဝါ ၅/ဝလန(နိုင်)၀၀၀၅၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၃)ရပ်ကွက်၊ အကွက်အမှတ်(၄-၂)၊ ဦးပိုင်အမှတ်(၁၃၆)၊ရွှေဝါထွန်း×ဇလပ်ဝါ၊ ၆၂×၆၃ လမ်းကြားရှိ ဦးအောင်မင်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်လေးလေးမြင့် ၉/မရတ(နိုင်)၁၂၉၂၉၅နှင့် ဦးအောင်မြင့်ဦး ၉/မနမ(နိုင်)၁၁၂၃၃၁ တို့မှ ဦးပိုင် (၁၃၆)(ခဲစင်း)မြောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်/အမည်ပြောင်း/ဦးပိုင်ခွဲအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/3422 Aung Soe Tin, Truck ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဟိန်းလတ် ၁၂/တမန(နိုင်)၀၅၃၀၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၈ဂ/၄၉၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၉/တတဥ (နိုင်) ၀၈၅၀၀၉က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ယ/၅၈၅၈၅၊ Luojia 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်လင်း ၉/မနမ (နိုင်)၁၁၁၅၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃ယ/၇၁၄၇ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းသီတာထွန်း ၉/ကပတ(နိုင်) ၁၄၃၀၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/ 7602, MITSUBI-SHI FUSO, TRUCK (8x4) T/S ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးညွန့် ၁၁/သတန(နိုင်) ၀၅၀၆၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ကွာရှင်းပြတ်စဲခြင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် (၉၀/၉)၊ မင်းတဲအီကင်း၊ ပေါက္ကရိုရပ်နေ ဦးအောင်နိုင်ဦး ၉/မနတ(နိုင်)၀၀၀၉၇၇နှင့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ရေကြည်ရပ်၊ အကွက် ၁၇၀၊ ပြည်ကြီးကျက်သရေအနောက်ရပ်နေ ဒေါ်သန္တာဦး ၉/ခမစ(နိုင်) ၀၀၄၂၇၄တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၁၄-၁၀-၂၀၁၄ရက်တွင် အောင်မြေသာစံမြို့နယ်တရားရုံး၌ ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင် ဒေါ်သန္တာဦးအား လိုက်လံနှောင့်ယှက်ခြင်းပြုလုပ်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

နောက်နောင် ဦးအောင်နိုင်ဦးနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်သန္တာဦး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃စ/၃၃၃၇ Toyota Landcruiser, S/W(4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးသန့်(ခ)သန်းဦး ၇/ပခန(နိုင်)၀၉၆၈၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၇၆၀၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းဟိန်း ၉/ကပတ(နိုင်)၁၄၂၉၉၀ က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

**ကိတ္တိမမွေးစားသားအဖြစ်မှစွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကချင်စုရွာ၊ရပ်ကွက်ကြီး(၁)၊အမှတ်(၆၅)နေ ဦးဖော်နယော်နှင့် ဇနီး(ကွယ်လွန်)သည် ဦးလုဂျာ၉/မမန(နိုင်)၀၈၀၁၂၈ (၃၆)နှစ်အား ၎င်း၏ အသက် (၉)လသားအရွယ်ကတည်းက မိဘဆွေမျိုးမရှိ ခိုကိုးရာမဲ့ဖြစ်နေသည်ကို သနားသောစိတ်ဖြင့် ခေါ်ယူကျွေးမွေးပြုစုပျိုးထောင်ခဲ့ပါသည်။ယခုအခါ ကျေးဇူးရှင်မွေးစားမိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်၍ ခွင့်မလွှတ်နိုင်သောကိစ္စများကိုပြုလုပ်ပါသဖြင့် ယနေ့မှစ၍ ကိတ္တိမမွေးစားသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးဖော်နယော် ၉/မမန(နိုင်)၀၃၆၈၅၆**

ဆောင်းပါးနှင့် ကျော်ငြာ

# အရေးပေါ်အသက်ကယ်လုပ်ငန်း၏ အရေးကြီးသောလေ့ကျင့်ခန်းများ အရေးပါမှုများ (EMERGENCY DRILLS)

Dr.တင်ဇော်မောင် (E.A.S)

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်ကျော်တုန်းက မလေးရှားနိုင်ငံ ဆဘား (SABAH) ပြည်နယ်ရဲ့မြို့တော် Kotakinabalu ဆေးရုံမှာ တာဝန်ကျခဲ့ပါတယ်။

ဆေးရုံက Queen Elizabeth Hospital (QEH)လို့ ခေါ်တယ်။ အဲဒီက မီးလောင်နဲ့ ပလတ်စတစ်ဆာဂျရီဌာန ( Borns+ Plastic Surgery Dept.) မှာ ဌာနမှူးအဖြစ် တာဝန်ကျခဲ့ပါတယ်။ ပြည်နယ်ဆရာဝန်ကြီး (State Surgeon) လည်း ဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်တွင်မက မီးလောင်လူနာများက Sarawak နဲ့ တစ်ခါတစ်ခါ Brunei နယ်စပ်ကတောင် လာကြပါတယ်။ အလုပ် အလွန်များပြီး ပင်ပန်းတဲ့ဌာနဖြစ်လို့ ဆရာဝန်များက ဒီမီးလောင်ဌာနကို သိပ်မလာချင်ကြဘူး။

မီးလောင်ဌာနက ဆေးရုံရဲ့ လေးထပ်မှာ။ အဲဒီက ငေးကြည့်ရင် Kinabalu လေဆိပ်မှာ ခရီးသည်တင်လေယာဉ်ပျံကြီးတွေ ဆင်းတာ၊ တက်တာ လှမ်းမြင်ရတယ်။ ဂျပန်နဲ့ ဟောင်ကောင်ကို Transit ဆင်းကြတယ်။ ကိုယ်ကတော့ လေယာဉ်ပျံတွေ့ရင် အိမ်ပြန်ချင်တာပေါ့။ တစ်ရက် ဆေးရုံအုပ်ကြီးက ခေါ်တွေ့တယ်။ အရိုးခွဲစိတ်ဆရာဝန်ကြီးရယ်။ အရေးပေါ် အသည်းအသန်လူမမာခန်း ဆရာဝန်ကြီးရယ်၊ ကိုယ်ရယ်ပေါ့။ ဆေးရုံအုပ်ကြီးက မလေးတမီးလ်လူမျိုး၊ အရိုးခွဲစိတ်ဆရာဝန်က မလေးတရုတ်၊ အသည်းအသန်လူနာခန်း (ICU)တာဝန်ခံက မလေးပန်ချာပီ၊ ကိုယ်က မြန်မာပေါ့။ အစည်းအဝေးက ထိပ်တန်းတဲ့၊ မပေါက်ကြားရဘူးတဲ့။ အရေးပေါ်အသက်ကယ်လုပ်ငန်း လေ့ကျင့်ခန်းလုပ်ရမယ်တဲ့။ ဘယ်နေ့လဲ မသိဘူး။ ပေဂျာ (PAGER) ကတစ်ဆင့် ကုတ်နံပါတ် (Code No.)ခေါ်မယ်တဲ့။ ဒါပဲကိုယ့်ဆရာတွေ သတိမပေးရဘူး။ ကိုယ့်ဆရာဝန်တွေကတော့ နည်းနည်းပါးပါး Hint လုပ်ထားရတာပေါ့။

ဘယ်နေ့ခေါ်မလဲ ဖင်တကြွကြွပဲ။ အစည်းအဝေးခေါ်ပြီး သုံးပတ်လောက်အကြာ နေ့ခင်းအိမ်မှာ ထမင်းစားဖို့လုပ်တုန်း ပေဂျာက Code No. တပီပီနဲ့ အော်လာပါတယ်။ ဒါနဲ့ ဆေးရုံပြေးရတာပေါ့။ MO တွေခေါ်ပြီး သတ်မှတ်တစ်နေရာစောင့်ရတာ မကြာပါဘူး။ လူနာတင်ကားတွေ အစီးနှစ်ဆယ်လောက် ဥဩတွေမှုတ် (Sirens) ပြီး ဆေးရုံဝင်းထဲ မောင်းချလာကြတယ်။ ဘိုးအင်း (Boeing) ခရီးသည်တင်လေယာဉ်ပျံကြီး လေဆိပ်မှာ ပျက်ကျလို့တဲ့။ မြန်မာလိုဆိုရင် ဖွဟဲ့၊ မလုပ်သင့် မလုပ်ကောင်းဘူးပေါ့။ အဲဒီမှာ သူနာပြုကျောင်းသူ ကျောင်းသားတွေ ကားပေါ် တင်လာတယ်။ လည်ပင်းမှာ ဘာဖြစ်တယ်ဆိုတာရေးပြီး၊ အကျီမှာလည်း သွေးလိုလို၊ အနီတွေ ဖျန်းထားသေးတယ်။ အဲဒီ လူနာတွေကို ကိုယ်ကြည့်ရတာ၊ ဘယ်လူနာ ဦးစားပေးမလဲ။ ဥပမာ-လက်မောင်းကျိုးတယ်၊ မီးလောင်တာ ၃၀ ရာခိုင်နှုန်းဆို မော်ဖင်းထိုး၊ မီးလောင်ဌာန ထမ်းစင်နဲ့ပို့၊ နဖူးမှာ Ink နဲ့ ဆေးထိုးပြီးကြောင်း 'M' လို့ ရေးပေးရတယ်။

ပေါင်ရိုးကျိုးတယ်။ မီးလောင်တာ ၅ ရာခိုင်နှုန်းဆို အရိုးဌာနပို့၊ ဘာဒဏ်ရာမှ မရှိဘူး၊ အသက်ရှူတာ အသံတစ်မျိုးထွက်နေရင် (Stridor) အန္တရာယ်ကြောင့် အသည်းအသန်ခန်းပို့၊ ဒီလိုမြန်မြန်သွက်သွက်လုပ်ကြရတယ်။ အဓိကက ဘယ်လူနာကို သူနဲ့အသက်ဆိုင်ဆုံးအခန်းကို အမြန်ဆုံးပို့မလဲဆိုတာ ချက်ချင်းဆုံးဖြတ်ကြရတယ်။ ဘယ်လောက် သဏ္ဍာန်တူလဲဆိုတော့ OPD ရောက်နေတဲ့ တကယ့်လူနာတွေက တကယ့်အဖြစ်အပျက်ထင်ပြီး ငိုကြယိုကြအဖြစ်တောင် ရောက်ကုန်တယ်။

သရုပ်ဆောင်ပေးတဲ့ သူနာပြုလေးတွေကို စာသင်ခန်းထဲ လက်ဖက်ရည်တိုက်၊ မုန့်ကျွေး၊ ကိုယ့်ကိုကျ သူတို့ရိုက်ထားတဲ့ VCD ချက်ချင်းပြန်ပြတယ်။ ဘယ်နေရာမှားသွားလဲဆိုတာ မမေ့အောင် ချက်ချင်းပြတာပဲ။ ဒါကြောင့် အရေးပေါ်အသက်ကယ် လေ့ကျင့်ခန်းတွေ သိပ်ပြီးအရေးကြီးပါတယ်။

မလေးရှားမရောက်ခင် ရန်ကုန်ဆေးရုံကြီးမှာ တာဝန်ကျစဉ် အင်လျားတံတားဖြူနားမှာ ဘတ်စ်တစ်စီးမှောက်တော့ သေကျေဒဏ်ရာရတာ အများကြီးပဲ။ ဆေးရုံကြီးက ခွဲစိတ်ခန်းအားလုံးဖွင့်ပြီး ခွဲစိတ်ဆရာဝန်ကြီးတွေအားလုံး ပါဝင်လုပ်ဆောင်ပေးကြရတယ်။ တစ်ခါတုန်းက လမ်းမတော်နားမှာ လူအပြည့်တင်လာတဲ့ ဘတ်စ်တစ်စီး မီးလောင်တယ်။ ဆေးရုံကြီးကိုရောက်လာပေမယ့် လူနာအများအပြား ဒဏ်ရာပြင်းပြင်းထန်ထန်ရပြီး ဘာမှမတတ်နိုင်ဘဲ သေကျေရရှာတာ သတိရမိပါတယ်။

ဘေးအန္တရာယ်ဆိုတာ သဘာဝဘေးအန္တရာယ် (Natural Disaster)၊ လူလုပ်အန္တရာယ် (Man Made Disaster) ဖြစ်တယ်။ လျှပ်စီးတာ၊ ရေကြီးတာ၊ နာဂစ်လို မုန်တိုင်းမျိုးတွေက သဘာဝဘေးအန္တရာယ်တွေဖြစ်တယ်။

နာဂစ်တုန်းကဆို ကြိုတင်ကာကွယ်မှုတွေ မလုပ်ခဲ့လို့ မသေသင့်ဘဲ သိန်းနဲ့ချီပြီးသေခဲ့ကြရတယ်။ အဲဒီအချိန်က နိုင်ငံခြားမှာရှိတော့ CNN ရိုက်ပြတာ ကွင်းကွင်းကွက်ကွက်တွေ မြင်ခဲ့ရပါတယ်။ အင်မတန်စိတ်ထိခိုက် ခံစားရပါတယ်။

တိုက်ပြိုကျတာတို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်လို မီးလောင်ပေါက်ကွဲမှုဖြစ်တာတို့က လူကြောင့်ပါ။ ဒီမှာ အဆင့်မမီတဲ့ တိုက်တွေမှာနေကြရတော့ ငလျင်လှုပ်ရင် ဘေးအန္တရာယ်တော်တော်ကြီးတယ်ဆိုတာ သတိထားရပါလိမ့်မယ်။ ဆောက်ထားတဲ့တိုက်တွေ တော်တော်များများမှာ နောက်ဖေးကြောင်အိမ်လှေကားတွေ ထည့်သွင်းဆောက်မထားကြဘူး။ ထို့အတူ မီးခိုးနံ့ရတာနဲ့ အလိုလို ခေါင်မိုးက ရေပန်း (Auto Sprinkler System) တွေလည်း နောက်ဆောက်မယ့်တိုက်တွေမှာ မထည့်မနေရ တင်းတင်းကျပ်ကျပ် လုပ်ဖို့လိုပါလိမ့်မယ်။

> “ နိုင်ငံတော်သည် နိုင်ငံသားများအားလုံး၏ အသက်အိုးအိမ်ပစ္စည်းများကို တန်းတူအကာအကွယ်ပေးရမည့်တာဝန်ရှိသည်နှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများကို ထပ်တလဲလဲလေ့ကျင့်ပေးထားရန်လို ”

တရုတ်ပြည် ယူနန်လားမသိဘူး။ အင်အားအင်မတန်ပြင်းတဲ့ ငလျင်ကြီးလှုပ်တယ်။ ထိုစဉ်က တရုတ်ဝန်ကြီးချုပ် ချက်ချင်းရောက်လာပြီး ကယ်ဆယ်ရေးတွေ ဆောင်ရွက်တယ်။ ဒါတောင် သောင်းနဲ့ချီသေတယ်။ T.V မှာ ကြည့်လိုက်ရတယ်။ ဖြစ်ကတတ်ဆန်းဆောက်ထားတဲ့ ဘင်္ဂလားဒေ့ရှ်က အထည်ချုပ်စက်ရုံ ပြိုကျတော့ ပြိုကျတဲ့အပျက်အစီးကြားထဲမှာ ပိတ်မိပြီး ထောင်ချီသေကြရတယ်။ အဆောက်အအုံပိုင်ရှင်က ထွက်ပြေးပေမယ့် ပြန်ဖမ်းမိခဲ့ပါတယ်။

ဒီလိုသဘာဝဖြစ်ဖြစ်၊ လူလုပ်တာဖြစ်ဖြစ် ဘေးအန္တရာယ်တွေ ရင်ဆိုင်ကြရရင် ဘာလုပ်ရမလဲဆိုတာ သူ့တာဝန်နဲ့သူ စနစ်တကျ၊ ကျကျနန လုပ်တတ်ဖို့ ဇာတ်တိုက်လေ့ကျင့်ထားဖို့ လိုပါတယ်။ မီးသတ်နဲ့ ရဲ အထူးအားဖြင့် ကယ်ဆယ်ရေး RESCUE ကိုင်တဲ့လူများက စနစ်တကျကျွမ်းကျွမ်းကျင်ကျင်နဲ့ မသေသင့်တဲ့ လူနာမသေရအောင် လုပ်တတ်ဖို့လိုပါတယ်။ လူကြီးတွေလာကြည့်ကြည့်၊ မကြည့်ကြည့် ပွဲမဝင်ခင် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားဖို့ လိုပါတယ်။

တိုးတက်တဲ့နိုင်ငံမှာ ပင်လယ်ပြင်ကယ်ဆယ်မှု (Sea+Air Rescue) တို့၊ တောင်ကြားထဲမှာ ကယ်ဆယ်မှု (Mountain Rescue) တို့ကို ထပ်တလဲလဲလေ့ကျင့်ထားပြီး လူ့အသက်တွေ ကယ်ကြပါတယ်။ ဗြိတိန်နိုင်ငံက တော်ဝင်မင်းသား ဝီလျံ Prince William ဆို Sea ,Air Rescue မှာ ရဟတ်ယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ဖူးပါတယ်။

အမေရိကန်မှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က တိုက်ခတ်ခဲ့တဲ့ ဟာရီကိန်းမုန်တိုင်းကြီး Katrina မှာ လူပေါင်းမြောက်မြားစွာကို သက်စွန့်ကြိုးပမ်း ရဟတ်ယာဉ်တွေနဲ့ ကယ်တင်ကြပါတယ်။

အခုခေတ်မှာလည်း ကျောင်းများ၊ စတိုးဆိုင်များ၊ ဈေးဝယ်စင်တာကြီးများမှာ အပြစ်မဲ့ပြည်သူများ အသက်လုထွက်ပြေးခွင့်မရှိအောင် ရက်ရက်စက်စက် သတ်ဖြတ်နေကြသည်ကို မကြာခဏ ကြားသိနေရပါတယ်။ များမကြာမီက ပါကစ္စတန်နိုင်ငံတွင် ဘာသာရေးအစွန်းရောက်အဖွဲ့များ၏ ရက်စက်စွာ ပစ်ခတ်မှုကြောင့် အသက်၁၅နှစ်အောက် ကျောင်းသား ကျောင်းသူများ အသက်ဆုံးရှုံးမှုသည် ပြောစရာစကား၊ ရှုတ်ချရန် စကားမကျန်အောင် ကမ်းကုန်ရက်စက်ခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်သည် နိုင်ငံသားများအားလုံး၏ အသက်အိုးအိမ်ပစ္စည်းများကို တန်းတူအကာအကွယ်ပေးရမည့် တာဝန်ရှိသည်နှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများကို ထပ်တလဲလဲလေ့ကျင့်ပေးထားရန်လိုပါတယ်။ ဒါမှ တကယ်ဖြစ်လာရင် တက်ညီလက်ညီ တားဆီးကာကွယ်ပေးနိုင်ကြမှာ အမှန်ဖြစ်ပါတယ်။

ဆရာဝန်အသင်းရဲ့ အရေးပေါ်အသက်ကယ်လုပ်ငန်းက ရဲဘော်များဆိုလည်း ဆရာဝန်အသင်းဝင်းထဲမှာ မကြာခဏဇာတ်တိုက် လေ့ကျင့် (Emergency Drills) ခန်းများ လုပ်ရပါတယ်ဆိုတာ နိဂုံးချုပ် တင်ပြအပ်ပါတယ်။ ပြည်သူများ ကျန်းမာ၍ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ။


**အသုံးမလို ပိုလျှံယာဉ်အပိုပစ္စည်း၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်း၊ တာယာနှင့် ဘက်ထရီအဟောင်းများအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ (နေပြည်တော်နှင့် ရန်ကုန်)ရှိ အသုံးမလို ပိုလျှံမော်တော်ယာဉ် အပိုပစ္စည်း၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်း၊ မော်တော်ယာဉ်တာယာနှင့် ဘက်ထရီအဟောင်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့် ပစ္စည်းမျိုးစုံ၏ အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ဖော်ပြထားပါသည်။

၃။ **တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများ ရောင်းချမည့်အစီအစဉ်-**

(က) **နေ့ရက်** - ၈-၁-၂၀၁၅ရက်မှ ၁၉-၁-၂၀၁၅ရက်အထိ

(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀နာရီမှ ၁၅း၃၀နာရီအထိ

(ဂ) **နေရာ** - (၁) ရုံးအမှတ် ၃၂၊ နေပြည်တော်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
(၂) စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲဝင်း၊ သဇင်ရုံလမ်း (၅)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဃ) တင်ဒါတစ်စောင်ဈေးနှုန်း - ကျပ် ၅၀၀၀/-(ငါးထောင်ကျပ်တိတိ)

၄။ **ရောင်းချမည့်ပစ္စည်းများ၏မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ -**

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊စက်ပြင်နှင့် ပစ္စည်းထိန်း ဌာနခွဲဝင်း၊ နေပြည်တော်

(ခ) စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲဝင်း၊ သဇင်ရုံလမ်း(၅)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့

၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ -**
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။

၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၅ရက် နံနက် ၀၉း၃၀နာရီ

၇။ **အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီ

၈။ အိတ်ဖွင့်တင်ဒါဖြင့် အပိုပစ္စည်းများ ရောင်းချခြင်းကို One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**ထုခွဲရောင်းချရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
**ကချင်ပြည်နယ် မြစ်ကြီးနားမြို့**

စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသား/ကျွန်းပရိဘောဂအစိတ်အပိုင်းများ အိတ်ဖွင့်လေလံ ကြော်ငြာအမှတ် ၀၆/၂၀၁၄-၂၀၁၅

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/ သစ်ခွဲသား/ကျွန်းပရိဘောဂအစိတ်အပိုင်းများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - အုပ်စု(၂)ကညင်သစ်လုံး၂၄၄တန်
- ပုံစံ(၈)အုပ်စု (၂)ကညင်ခွဲသား ၄၄တန်
- ပုံစံ (၈) ကျွန်းခွဲသား ၆တန်
- ပုံစံ (၈) ကျွန်းပရိဘောဂအစိတ်အပိုင်း ၁၂တန်

(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း Website ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်လေလံဖွင့်လှစ်ရောင်းချရေးကော်မတီ၊**
**မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
Tender No.30/DHPI/Transformer/2014-2015.

| စဉ် | အမျိုးအမည် | အရေအတွက် | Origin |
|---|---|---|---|
| (က) | 11/0.4kV,(50kVA) Transformer | 1 No | Myanmar |
| (ခ) | 11/0.4kV,(200kVA) Transformer | 1 No | Myanmar |
| (ဂ) | 11/0.4kV,(315kVA) Transformer | 2 Nos | Myanmar |
| (ဃ) | 11/0.4kV,(500kVA) Transformer | 6 Nos | Myanmar |
| (င) | 11/0.4kV,(1250kVA) Transformer | 3 Nos | Myanmar |

၂။ ပစ္စည်းများ၏နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၃-၁-၂၀၁၅ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Propoal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက် ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံး ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မကွေးတက္ကသိုလ်တွင် သုံးထပ်စာသင်ဆောင်များ တိုးချဲ့လျက်ရှိ

**မကွေး ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ တောင်တွင်းကြီးလမ်းမပေါ်ရှိ မကွေးတက္ကသိုလ်ဝင်းအတွင်းတွင် သုံးထပ်စာသင်ဆောင်များ တိုးချဲ့ဆောက်လုပ်နေကြောင်း သိရသည်။

အဆိုပါ သုံးထပ်စာသင်ဆောင်များသည် မကွေးတက္ကသိုလ် ရွှေတမာဆောင်၏ အရှေ့မြောက်ဘက်တွင် ဆောက်လုပ်နေကြောင်း သိရသည်။ ယခင်က မကွေးတက္ကသိုလ် စာသင်ဆောင်များသည် တစ်ထပ်ဆောင်များ၊ နှစ်ထပ်ကျောင်းဆောင်များသာရှိခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မကွေးတက္ကသိုလ်၌ ဘာသာရပ်အသီးသီး သင်ကြားနိုင်ရန် များပြားတိုးတက်လာသော ကျောင်းသား ကျောင်းသူဦးရေ၊ တိုးပွားလာသော ဘာသာရပ်များနှင့်အညီ စာသင်ဆောင်များ သုံးလွှာတိုက်ခန်းများ တိုးချဲ့ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

တချို့ ကျောင်းဆောင်သစ်သုံးလွှာတိုက် စာသင်ဆောင်များမှာ ပြီးစီးတော့မည်ဖြစ်သော်လည်း တချို့စာသင်ဆောင်များမှာ ဆောက်လုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ရပ်ဝေးမှလာရောက်၍ မကွေးတက္ကသိုလ်သို့ ပညာသင်ယူကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုလည်း နေထိုင်ရန်အဆောင်များ ပေးသွားမည်ဟုသိရသည်။ ပြင်ပအဆောင်များတွင် နေထိုင်ရသည်မှာ ဈေးနှုန်းမြင့်၍ ကျောင်းထားရန်ခက်ခဲနေကြကြောင်း၊ ယခုလို အဆောင်ပေးမည်ဖြစ်၍ တက္ကသိုလ်ကျောင်းထားရန် ငွေကြေးကဏ္ဍပူပန်ရသော မိဘများ၊ အဆောင်တည်းခိုနေထိုင်ရန် ခက်ခဲနေသော မိဘများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရကြောင်း သိရသည်။

မကွေးတက္ကသိုလ်တက်နေသူ ကျောင်းသားမိဘတစ်ဦးက "ဒါဆိုရင် ရပ်ဝေးကတက္ကသိုလ်ဝင်တန်းအောင်တဲ့ မကွေးတက္ကသိုလ်တက် ရမယ့် ကျောင်းသား ကျောင်းသူတိုင်းကို ဘွဲ့ရသည်အထိ ကျောင်းထားနိုင်ပြီပေါ့ဗျာ" ဟု ပြောပြသည်။

**ကောင်းသုတ(မင်းဘူး)**



**၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် အရှည် ၆၈၅ ပေ၊ အကျယ် ၁၂ ပေရှိ မဒေါက်မြို့ မင်းလမ်းကွန်ကရစ်လမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် ဦးအမ်လှသောင်းတို့က (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂ ရက်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (အဆိုပါလမ်းသစ်ကို ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၁၇၂၆၃၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။) **(အမ်ကြီး-ညောင်လေးပင်)**

# ကံမမြို့နယ်ရှိ ၁၆ ခုတင်ဆံ့ ကြို့ပင်တိုက်နယ်ဆေးရုံ မကြာမီဖွင့်လှစ်နိုင်မည်

**ကံမ ဇန်နဝါရီ ၄**

သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို နိုင်ငံတော်ခွင့်ပြုငွေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၃၅၀၀ နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၂၃၀၀ စုစုပေါင်း ကျပ်သိန်း ၅၈၀၀ ဖြင့် တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည့်အတွက် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။



၎င်းဆေးရုံ၏ ပင်မဆောင်မှာ အလျား ၁၂၆ ပေ၊ အနံ ၁၁၅ ပေ၊ အမြင့် ၁၄ ပေရှိ သံကူကွန်ကရစ်တစ်ထပ်ဆောင်ဖြစ်ပြီး နှစ်ခန်းတွဲတစ်ထပ် ဆရာဝန်နေအိမ်နှစ်လုံး၊ လေးခန်းတွဲတစ်ထပ် သူနာပြုနေအိမ်တစ်လုံး၊ ခြောက်ခန်းတွဲ တစ်ထပ် ဝန်ထမ်းနေအိမ်တစ်လုံး၊ ခွဲစိတ်ဆောင်၊ ဂါလန် ၁၆၀၀ ဆံ့ ရေစင်နှင့် ဂါလန် ၃၂၀၀ ဆံ့ မြေအောက်ရေကန်များဆောက်လုပ်လျက်ရှိပြီး ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးအမျိုးအစား ၁၀၉ မျိုး ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူတို့၏ ကျန်းမာရေးအခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါတိုက်နယ်ဆေးရုံဖွင့်လှစ်ပြီးပါက ပတ်ဝန်းကျင်ကျေးရွာပေါင်း ၂၂ ရွာတွင် နေထိုင်ကြသော ကျေးလက်ပြည်သူများအပြင် ပုသိမ်-မုံရွာကားလမ်းမကြီးပေါ်တွင် တည်ရှိသောကြောင့် ခရီးသွားလုပ်သားပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(iprd)**

# သောက်သုံးရေရရှိရေးနှင့် ကျောက်ခင်းလမ်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**ထန်တလန် ဇန်နဝါရီ ၄**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ်သန်း ၂၇၈ ဒသမ ၈၅၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ထန်တလန်မြို့နယ် တလန်လိုကျေးရွာ သောက်သုံးရေရရှိရေးလုပ်ငန်းနှင့် ဆိုပွမ်း-ဗန်ဇန်းကျေးရွာချင်းဆက်လမ်း သုံးမိုင် ကျောက်ခင်းခြင်းလုပ်ငန်းတို့ ပြီးစီးမှုအခြေအနေကို ဒီဇင်ဘာ ၂၀ ရက်က ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဟားခါးခရိုင်မှူး ဦးလိန်းနိုင်ဦးဆောင်၍ ကွင်းဆင်းစစ်ဆေးရာ ရန်ပုံငွေကျပ် ၅၂ ဒသမ ၅၀၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းကို လုပ်ငန်း၏ ၇၅ ရာခိုင်နှုန်းနှင့် ငွေကျပ် ၂၂၆ ဒသမ ၃၅၀ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက အိမ်ခြေ ၁၀၀ ကျော်ရှိသည့် တလန်ခွားကျေးရွာတွင် သောက်သုံးရေ အလုံအလောက်ရရှိတော့မည်ဖြစ်သလို ဆိုပွမ်း- ဗန်ဇန်းကျေးရွာချင်းဆက်လမ်း ကျောက်ခင်းလမ်းပြီးစီးလာပါက ဗန်ဇန်းတောင်ကြောရှိ ကျေးရွာပေါင်းခြောက်ရွာမှ ပြည်သူ ၅၀၀၀ ကျော် အကျိုးပြုခံစားမည်ဖြစ်ရာ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်သည်။

လုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွင် ဟားခါးခရိုင် ဦးစီးမှူးနှင့်အတူ မြို့နယ်တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်ရေး ကော်မတီဝင်များဖြစ်ကြသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖ ကိုယ်စားလှယ်များနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးချန်ဟမ်းတို့သည် ဆိုပွမ်း၊ ဗန်ဇန်း၊ ဖါရွှန်း၊ တလန်ပီးနှင့် တလန်လိုကျေးရွာ ပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်

**နမ့်ခမ်း ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့ တအာင်း(ပလောင်)စာပေနှင့် ယဉ်ကျေးမှုရုံး၌ နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက်ကကျင်းပရာ ဗိုလ်မှူးချုပ်သက်ထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘီနော်လီ တအာင်း(ပလောင်)စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကောင်းတပ်ကျေးရွာနှင့် လွယ်မွန်းကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြသည်။ ယင်းကျေးရွာ နှစ်ရွာရှိပြည်သူ ၅၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ကို တပ်မမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ချင်းပြည်နယ်အစိုးရအဖွဲ့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၊ ဟားခါးမြို့နှင့် ဖလမ်းမြို့တို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသောကုမ္ပဏီများနှင့်လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၅-၁-၂၀၁၅ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၄-၂-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၇၀-၂၂၃၆၉၊ ၀၇၀-၂၂၃၉၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ချင်းပြည်နယ်အစိုးရအဖွဲ့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၊ မတူပီမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး တိုးချဲ့ပြုပြင်တည်ဆောက်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၅-၁-၂၀၁၅ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၄-၂-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၇၀-၂၁၀၀၇၊ ၀၇၀-၂၂၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**
**နေပြည်တော်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် e-Government လုပ်ငန်းများဆောင်ရွက်ရန် အောက်ပါအချက်အလက်များအတိုင်း လုပ်ငန်းအပ်နှံလိုပါသဖြင့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Case Information System Database | ၁ |
| ၂။ | Dell™ PowerEdge™ R720 Rack Mount Server | ၁ |
| ၃။ | Red Hat enterprise Linux OS for one Year License | ၁ |
| ၄။ | Video Conferencing Device and Accessories Package Solution | ၁ |

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၆-၁-၂၀၁၅ ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**e-Government လုပ်ငန်းများအတွက်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**
**ရုံးအမှတ်(၅၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၀၃၂၃**



**ဆေးဝါးတင်ဒါပိတ်ရက် ပြင်ဆင်ပြောင်းရွှေ့သတ်မှတ်ခြင်း**

ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီး၏ ၂၀၁၄-၂၀၁၅ခုနှစ် ဒုတိယအကြိမ် ဆေးဝါးတင်ဒါခေါ်ယူခြင်း နောက်ဆုံးပိတ်ရက်အား ၂၀-၁-၂၀၁၅ရက်အစား ၁၂-၁-၂၀၁၅ရက်ဟု ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဆေးရုံအုပ်ကြီး၊ ဟင်္သာတပြည်သူ့ဆေးရုံ**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာန သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-
(က) Aquamarine (ဒိုက်ဆယ်စက်) (၃)စီး
(ခ) Grit Seperator / Grit Pump (၁)စုံ
(ဂ) Check Valve (၃)လုံး/ Butterfly Valve (၄)လုံး
၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၂-၁-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများကို မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 4F/6488 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ သန်လျင်ရုံး**



**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၁၁ယ/၁၁၄၉၄ အမည်ပေါက် ဦးကျော်ဝင်း ၁၃/မတန(နိုင်)၀၂၀၂၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

# ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးလုပ်ငန်း ရွှေစင်ရွှေပြား ရောင်တော်ဖွင့်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၃**

ရွှေတိဂုံစေတီတော် ၂၀၁၄-၂၀၁၅ ခုနှစ် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးလုပ်ငန်း ရွှေစင်ရွှေပြား ရောင်တော်ဖွင့်ခြင်း သုဝဏ္ဏပဋ္ဋစီဝရပဘာသာ ပရိကမ္မမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီခွဲက ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ ရေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ နိုင်ငံတော်သမ္မတ၏ သာသနာရေးဆိုင်ရာ အကြံပေးနာယက သူရဦးမြင့်မောင်နှင့် သာသနာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ အလှူရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားကို 'နမောတဿ' သုံးကြိမ်ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး စေတီတော်ဂေါပကအဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင်က ရွှေတိဂုံစေတီတော် ရွှေစင် ရွှေပြားများ ရောင်တော်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကပ်လှူပူဇော်မည့်ရွှေစင်ပြား၊ မော်ကွန်းကမ္ပည်းရွှေပြားများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၊ သာသနာရေးဆိုင်ရာအကြံပေး သူရဦးမြင့်မောင်က မျက်ပါးရွှေဆိုင်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တက်ရောက်လာသော ဧည့်သည်တော်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း စေတီတော်မြတ်ကြီးအားရည်စူး၍ သြဝါဒါစရိယဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားများ နာကြား၍ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို ဆုတောင်းသည်။

ယင်းနောက်ဒုတိယပိုင်းအစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေစင်ရွှေပြားများ၊ မော်ကွန်းကမ္ပည်းရွှေများနှင့် ရွှေဆိုင်းများအား အခမ်းအနားဖြင့် ပင့်ဆောင်ပြီး စေတီတော်အထက်ပစ္စယံ၌ လှည့်လည်ပူဇော်ကာ အများပြည်သူများ ကိုယ်စားငှက်ပျောဖူး၊ ပန်းဆွဲကြီးများနှင့် ဒုတိယကျည်းဝန်းတို့တွင် ကပ်လှူပူဇော်သည်။

ရွှေတိဂုံစေတီတော်ကြီးရှိ ရွှေမျက်ပါးသင်္ကန်းတော်များ၏ တည်ရှိခိုင်ခံ့မှုအရ ငါးနှစ်တစ်ကြိမ် လဲလှယ်လျက်ရှိရာ ယခုနှစ် (၂၀၁၄-၂၀၁၅) နှစ်တွင် ငါးနှစ်ပြည့်မြောက်ပြီဖြစ်သဖြင့် ရွှေသင်္ကန်းတော်ကပ်လှူခြင်း လုပ်ငန်းကို သြဝါဒါစရိယဆရာတော်ကြီးများထံတွင် သြဝါဒခံယူခဲ့ပြီး သာသနာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ၁-၉-၂၀၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။ သဘာဝရာသီဥတုကြောင့် ပျက်စီးလျက်ရှိသော ရွှေပြားများနေရာတွင် ရွှေပြား ၁၇၄၂ ချပ်၊ ရွှေသားအလေးချိန် ၅၇ ပိဿာခန့်ကိုလည်းကောင်း၊ ပန်းဆွဲကြီး ၁၆ ခုအား ရွှေစင်ရွှေပြားရွှေသားအလေးချိန် ၂၄ ပိဿာခန့်ကိုလည်းကောင်း၊ ပထမကျည်းဝန်းနှင့် ဒုတိယကျည်းဝန်းများ၌ ရွှေစင်ရွှေပြားပေါင်း ၅၀၇၆ ချပ်ကိုလည်းကောင်း၊ ရှစ်မြောင့်နှင့်ပစ္စယာများ၌ ရွှေမျက်ပါး၊ ရွှေဆိုင်းပေါင်း ၂၈၀၀၀ ခန့်ကိုလည်းကောင်း ကပ်လှူခြင်းနှင့် ရောင်တော်ဖွင့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အသက် (၁၁၃)နှစ်ရှိ အဘွားအိုအား နိုင်ငံသားကတ်ထုတ်ပေး



**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး၏ လမ်းညွှန်စီမံပေးမှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် လဝကဦးစီးဌာနမှူး ဦးခင်မောင်ညွန့် (ဦးစီးအရာရှိ)နှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၃၁ ရက် နံနက်က သိမ်ဖြူမီးရထားရပ်ကွက်နေ အိန္ဒိယလူမျိုး (ဟိန္ဒူ ဗုဒ္ဓဘာသာ) အိမ်ထောင်စုဇယားတွင်ပါရှိသော မွေးသက္ကရာဇ်အရ အသက်(၁၁၃)နှစ်အရွယ်ရှိသက်ကြီးအဘွားအို ဒေါ်စီသမားကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ နေအိမ်အထိ သွားရောက်၍ အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြားကို (Door to Door) စနစ်ဖြင့် နေ့ချင်းပြီးသွားရောက်ထုတ်ပေးခဲ့သည်။

မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရပ်ကွက် ၂၀ အတွင်း ကွင်းဆင်းဆောင်ရွက် ထုတ်ပေးခဲ့ရာ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်သော မိုးပွင့်အဆင့်(၁)စီမံချက်မှ ၂၀၁၄ ဒီဇင်ဘာ ၃၁ ရက် မိုးပွင့်အဆင့်(၇)အထိ အသက်(၁၀) နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့်သူဦးရေ ၄၅၁၇ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ဖျာပုံမြို့ အထက(၃)၌ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပ

**ဖျာပုံ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ယခင်ကရင်အမျိုးသား အထက်တန်းကျောင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၅၃ ဦးအားပူဇော်သည့် အဆိုပါအခမ်းအနားကို ကရင်ကျောင်းသား၊ ကျောင်းသူဟောင်းများ ကရင်အမျိုးသားသီချင်းသီဆိုဖွင့်လှစ်ပေးပြီး၊ ကျောင်းသားကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများကို ငွေသားပစ္စည်းများဖြင့် ဂါရဝပြုခဲ့ကြသည့်အပြင် ရန်ကုန်မြို့နေ ကျောင်းသားဟောင်း ကိုခင်မောင်မြင့်ကလည်း DVD နှင့် MP 3 ၂၆လုံးကို မဲဖောက် ဂါရဝပြုခဲ့ကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# အမှုလက်ကျန် ကျဆင်းရေး ညှိနှိုင်းစည်းဝေး

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားစီရင်ရေးလုပ်ငန်းများနှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၏ အမှုလက်ကျန်လျော့နည်းကျဆင်းရေးညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက်က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးဥပဒေချုပ် ဦးရဲအောင်မြင့်တို့က ညှိနှိုင်းဆွေးနွေးပြီး တက်ရောက်လာသော မိမိတို့၏ဌာနအလိုက် ဆောင်ရွက်ရသည့်လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**ပညာမြင့်မှ လူမျိုးတင့်မည်**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး**
**မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများ ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး**
**၂၃လမ်း၊ ၈၀-၈၁လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(၁) သံချောင်းလုံး (အရွယ်စုံ) - ၇၅၃.၆၄ တန်
(၂) တာယာ (အရွယ်စုံ) - ၅၀၀ စုံ
**တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁-၂၀၁၅ရက်
တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် ၄၃၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၁၇

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအတွက် ပရိဘောဂများ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်း နိုင်ရန် ကုမ္ပဏီများအား တင်ဒါခေါ်ယူအပ်ပါသည်။
(က) (၆ပေ×၃ပေ သံဖရိန် ၅ထပ်သားအခင်း) ခုတင် ၅၀၀လုံး
(ခ) (အလျား ၂ပေ×အနံ ၁½ပေ×အမြင့် ၂½ပေ ကျွန်းစားပွဲ)စာသင်ခုံ ၅၀၀လုံး
(ဂ) (လက်တန်းမပါ ကျွန်းကုလားထိုင်) ကုလားထိုင် ၅၀၀လုံး
(ဃ) (လက်တန်းမပါ အမှီပါ ပလတ်စတစ်ခုံ) ထမင်းစားကုလားထိုင် ၅၀၀လုံး
(င) (အလျား ၇ပေ×အနံ ၂.၅ပေ×အမြင့် ၂.၅ပေ သစ်မာ)ထမင်းစားပွဲ ၃၃လုံး
၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၇-၁-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၁-၂၀၁၅ရက် ၁၆း၀၀နာရီ
၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ ရွှေဘိုမြို့၊ အုပ်ချုပ်မှုအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ဆောင် ရွက်လျက်ရှိသော မြောက်ယမားဆည်၏ လက်ယာမြောင်းလက်တံသစ်ဆက်လက်တူးဖော်ရေး လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
**ဆောင်ရွက်မည့်လုပ်ငန်း** - လက်တံမြောင်းမြေကြီးလုပ်ငန်း
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၁-၂၀၁၅ရက်မှ ၁၂-၁-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်** - ၁၅-၁-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းရန်နေရာ** - ညွှန်ကြားရေးမှူးရုံး၊တည်ဆောက်ရေး(၄) ဆည်မြောင်းဦးစီးဌာန၊ရွှေဘိုမြို့
၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၅-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန**
**ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၈၇**

## ပါမစ်မြေရောင်းမည်

(ကိုယ်ပိုင်)
ဒဂုံ-ဆိပ်ကမ်းမြို့နယ်
ဖုန်း-၀၉-၄၃၀၀၃၁၁၀၂၁၊ ၀၉-၅၀၈၅၆၀၄

## တိုက်ခန်းရောင်းရန်ရှိသည်

သိန်း ၇၅၀
(အလျား ၁၂'၆" ×အနံ ၅၀'×အမြင့် ၉'၊
မြေညီထပ် ဇဋ္ဌိလလမ်း၊
မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်၊
တာမွေ၊ ဖုန်း-၀၉-၅၁၉၄၈၅၇

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/8482 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6800 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သတင်းတိုများ

### လွတ်လပ်ရေးနေ့ဂုဏ်ပြု ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကျင်းပ

**နတ်မောက် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာခင်က ကျောင်းသားကျောင်းသူများအား လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

### လောင်းကစားသူများအား ဖမ်းဆီး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်သွန်ခင်းကျေးရွာ သုသာန်အတွင်း ဒီဇင်ဘာ ၁ ရက်က ညောင်ပင်သာရဲကင်းမှူး ရဲအုပ် ဝင်းမောင်မောင်ဦးဆောင်အဖွဲ့သည် သတင်းအရ သွားရောက်ရှာဖွေရာ ကျော်ဇင်ထွန်း၊ မောင်မောင်၊ အောင်ဇော်ဦးနှင့် မျိုးဝေတို့ကို ဆိုင်ကယ်လေးစီး၊ တိုက်ကြက်ဖ တစ်ကောင်နှင့် ကြက်တိုက်လောင်းကစားဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ငွေစက္ကူရေရာရာငွေကျပ် ၉၅၀၀ နှင့်အတူ ဖမ်းဆီးရမိသဖြင့် ထီးချိုင့်မြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# အနည်းဆုံး လုပ်ခလစာသတ်မှတ်နိုင်ရေး မြို့ကြီး ၁၀၀ တွင် စစ်တမ်းကောက်ယူမည်

**ရန်ကုန် ဇန်နဝါရီ ၄**

အနည်းဆုံး လုပ်ခလစာသတ်မှတ်နိုင်ရေး မြို့ပေါင်း ၁၀၀ တွင် အလုပ်သမားများ၏ အခြေခံလစာလိုအပ်ချက်နှင့်ပတ်သက်၍ စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေး မကြာမီကာလအတွင်း မြို့ပေါင်း ၁၀၀ မှာ စစ်တမ်းကောက်ယူသွားမှာ ဖြစ်ပါတယ်။ ဒီလိုကောက်ယူရာမှာ လူတစ်ဦးချင်းစီရဲ့ ဝင်ငွေ၊ လစဉ်ငွေကြေးလိုအပ်ချက်၊ နေထိုင်စရိတ်စတာတွေအပေါ် အခြေခံပြီး စစ်တမ်းကောက်ယူသွားမှာဖြစ်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

အဆိုပါ စစ်တမ်းကောက်ယူမှုကို ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း ဆောက်ရွက်သွားမည်ဖြစ်ကာ ယင်းစစ်တမ်းအပေါ် မူတည်၍ အနည်းဆုံး လုပ်ခလစာ သတ်မှတ်နိုင်ရေး ကနဦးအဆိုပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်သမား၊ အလုပ်ရှင်တို့၏ သဘောတူညီချက်ဖြင့် အဆိုပြုထားသည့် အနည်းဆုံး လုပ်ခလစာကို ပြန်ထောင်စုအစိုးရသို့ ဆက်လက်တင်ပြကာ ပြည်ထောင်စုအစိုးရမှ အဆိုပါ အဆိုပြုတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်၍ အနည်းဆုံး လုပ်ခလစာ သတ်မှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အနည်းဆုံးလုပ်ခလစာသတ်မှတ်မှုကို ယခုနှစ်အစောပိုင်း၌ ဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အနည်းဆုံးလုပ်ခလစာ သတ်မှတ်နိုင်ခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား မကြာခဏ ပေါ်ပေါက်လျက်ရှိသော ပြဿနာများ လျော့နည်းသွားနိုင်ကြောင်း ပညာရှင်အချို့က သုံးသပ်ထားသည်။ ယင်းကဲ့သို့ အနည်းဆုံးလုပ်ခလစာများ သတ်မှတ်လိုက်ခြင်းဖြင့် အလုပ်သမားများ၏ ရသင့်ရထိုက်သော လုပ်ခလစာများရရှိကာ အလုပ်သမားမိသားစုများ စားဝတ်နေရေးအဆင်ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်လိမ့်မည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။

**ကြံတိုင်းအောင်**



# စိုက်ပျိုးမြေဆီလွှာ ပြုပြင်ထိန်းသိမ်းရေးအလေးထားဆောင်ရွက်

**နတ်မောက် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ညွှန်ကြားမှုဖြင့် နတ်မောက်မြို့နယ်အတွင်း စိုက်ခင်းမြေဆီလွှာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။

ဒေသရှိ စိုက်ခင်းမြေများသည် မိုးကောင်းသောက် လယ်မြေများဖြစ်ပြီး မြေဆီလွှာယုတ်လျော့လာသည့် စိုက်ခင်းမြေများတွင် စိုက်ပျိုးနည်းပညာအထောက်အကူဖြစ်စေရေးအတွက် နယ်မြေအလိုက် စိုက်ပျိုးမြေဆီလွှာပြုပြင်ထိန်းသိမ်းခြင်း နည်းပညာစမ်းသပ်ကွက်များကို အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်၌ ရေပေးဝေရေးလုပ်ငန်းဖွင့်လှစ်

**စစ်ကိုင်း ဇန်နဝါရီ ၄**

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော စက်ရေတွင်းတူးဖော်ခြင်း၊ ရေပိုက်များသွယ်တန်းခြင်း၊ 100 KVA ထရန်စဖော်မာများ တည်ဆောက်ခြင်း ၊ မီးရထားရပ်ကွက် ထပ်တိုးရေပိုက်သွယ်တန်းခြင်းနှင့် ရေချိုဂါလန်ခြောက်သောင်းဆံ့ အုတ်ကန်တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီး၍ ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲကို စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် ရေပေးဝေရေးဆိုင်းဘုတ်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် ရေပေးဝေရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ရေပေးဝေရေးကော်မတီဥက္ကဋ္ဌထံသို့ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ရွာထောင်ရပ်ကွက်နေပြည်သူတစ်ဦးက ယခုကဲ့သို့ ရေပေးဝေရေးလုပ်ငန်းများ တည်ဆောက်ဖွင့်လှစ်ပေးခြင်းနှင့် ရေချိုမီတာ ၆၀၃ လုံးကို တပ်ဆင်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ရပ်ကွက်နေပြည်သူများကိုယ်စား ပြောကြားသည်။

ရေပေးဝေရေးလုပ်ငန်းများအတွက် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၉၆၈၄၄၈၁၆ ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးကော်မတီ ထည့်ဝင်ငွေကျပ် ၂၀၁၀၀၀၀၀၊ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးကော်မတီ ထည့်ဝင်ငွေကျပ် ၁၅၀၀၀၀၀၀၊ ၂၀၁၄ လွှတ်တော် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၀ စုစုပေါင်း ကုန်ကျငွေ ၁၃၅၄၄၄၈၁၆ ကျပ် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေပေးဝေရေးလုပ်ငန်းများဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းတင့်၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

နှစ်သစ်အကြိုစာအုပ်ဈေးရောင်းပွဲ 1-1-2015 to 15-1-2015 ဆိုင်ရှိစာအုပ်များအားလုံး Up to 50% Off
ဖြန့်ချိထုတ်ဝေသောစာပေတိုက်ပေါင်း ၁၀၀၀ ကျော်၏စာအုပ်များ 10% 20% 30%
(ကောက်သည်၊ စာကြည့်တိုက်များအတွက်အထူးနှုန်း)
splk5mm@gmail.com, www.sarpaylawka5.com

၂၁.၁.၁၅ မှ ၂၅.၁.၁၅ မြို့တော်ခန်းမ ပြည်မြို့
ကုန်စည်ပြပွဲကြီး ၂၀၁၅
ဖြန့်ချိစီစဉ်သူ SMART BUSINESS GROUP Ph:01-656875,667473,09-73014777
၅.၂.၁၅ မှ ၉.၂.၁၅ မြို့တော်ခန်းမ တောင်ကြီးမြို့

## မြေကွက်ရောင်းမည်

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၆၆) ရပ်ကွက်၊ အင်းဝအိမ်ရာ၊ ပါမစ်မြေ (မြေသီးသန့်)၊ အကျယ်အဝန်း ပေ (၆၀×၈၀)၊ ဈေးနှုန်း ကျပ်သိန်း ၂၈၀၀ ညှိနှိုင်း၊
**ဆက်သွယ်ရန်-**
ဖုန်း-၀၉-၂၅၈၆၀၂၈၅၅
၀၉-၂၅၈၆၀၂၈၅၄

ကန့်ကွက်နိုင်ပါကြောင်း



# အာဆီယံစံနှုန်း ကုန်နှင့် ယာဉ်တန်ချိန် သတ်မှတ်ချက် နှစ်ကုန်ပိုင်းတွင် စတင်အကောင်အထည်ဖော်မည်

**ရန်ကုန် ဇန်နဝါရီ ၄**

အာဆီယံစံနှုန်း ယာဉ်နှင့်ကုန်တန်ချိန်စနစ်ကို ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ရန် သတ်မှတ်ထားရာ နှစ်ကုန်ပိုင်း ဒီဇင်ဘာလမှသာ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုအချိန်မတိုင်မီအထိ သက်ဆိုင်ရာ လမ်းတံတားဂိတ်များအနေဖြင့် ပုံမှန်ခွင့်ပြုထားသည့် ယာဉ်နှင့် ကုန်တန်ချိန်သတ်မှတ်ချက်အတိုင်း ဆက်လက်ကောက်ခံမည်ဖြစ်ကြောင်းနှင့် တံတားတန်ပို ဒဏ်ကြေး ကောက်ခံမှုနှုန်းထားမှာမူ ပြောင်းလဲသတ်မှတ်မှုရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းသို့ ဒီဇင်ဘာ ၃၀ ရက်စွဲဖြင့် ပေးပို့သောစာတွင် ဖော်ပြထားခြင်းဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးလှဦးက ပြောသည်။ နိုင်ငံတော်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းမကြီးများပေါ်တွင် သွားလာနေသောယာဉ်များအား ယာဉ်၏ ဝင်ရိုးနှင့် ဘီးအရေအတွက်အရ ယာဉ်+ကုန်အလေးချိန် သတ်မှတ်ထားပြီး မိုးတွင်းကာလ ခွင့်ပြုသည့် ယာဉ်နှင့်ကုန်တန်ချိန်၊ နွေကာလတွင် ခွင့်ပြုသည့် ယာဉ်နှင့်ကုန်တန်ချိန်၊ ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုမည့် ယာဉ်နှင့်ကုန်တန်ချိန်များကို သတ်မှတ်၍ ခွင့်ပြုပေးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် အာဆီယံစံနှုန်း ယာဉ်+ကုန်တန်ချိန် သတ်မှတ်ချက်ကို ဒီဇင်ဘာလအတွင်းမှသာ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်၍သက်ဆိုင်ရာ BOT၊ လေလံ၊ လမ်း၊ တံတားဂိတ်များအနေဖြင့် ပုံမှန်ခွင့်ပြုထားသည့် ယာဉ်+ကုန် တန်ချိန်သတ်မှတ်ချက်အတိုင်းသာ မပြောင်းလဲဘဲ ဆက်လက်အသုံးပြုခွင့်ပြုထားမည် ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီး ဌာန၏ အကြောင်းကြားစာတွင် ဖော်ပြထားသည်ဟု သိရသည်။

> **တန်ပိုဒဏ်ကြေးအဖြစ် တံတားကြေး ၁၀ ဆ၊ ခြောက်ဆ . . .**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ စီမံကိန်းဝင်တံတားနှင့်သာမန် တံတားတန်ပိုဒဏ်ကြေးကောက်ခံရာတွင်မူ ပြောင်းလဲလျာထားသည့် ကောက်ခံနှုန်းသစ်များဖြင့် ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းလဲရန်လျာထားသည့် တန်ပို ဒဏ်ကြေးကောက်ခံနှုန်းထားများကို ဖော်ပြထားပြီး အောင်ဇေယျကြိုး တံတားတွင် တန်ပိုဖြတ်သန်းခွင့်မပြုတော့ကြောင်း ဖော်ပြထားသည်ဟု သိရသည်။ စီမံကိန်းဝင်တံတား၊ သာမန်တံတားများတွင် တံတားကြေးကောက်ခံရာ၌ တန်ပိုဒဏ်ကြေးအဖြစ် တစ်တန်နှုန်း၊ သုံးဘီးဆိုင်ကယ်မှ ဒိုင်နာ၊ ကန်တာနှင့် ကိုယ်ထည်အလျား ၁၅ ပေအထက် ခြောက်ဘီးကားများအတွက် တံတားကြေး၏ ၁၀ ဆ၊ BM ခရီးသည်တင်ယာဉ် (လတ်) အမျိုးအစားမှ နောက်တွဲမပါဝင်ရိုးငါးခုပါ ကုန်တင်ယာဉ်များအထိ တံတားကြေး၏ ခြောက်ဆ၊ နောက်တွဲပါကုန်တင်ယာဉ်ကြီးများအတွက် တံတားကြေး၏ သုံးဆကို ဒဏ်ကြေးအဖြစ်ကောက်ခံသွားမည်ဟု ဖော်ပြထားသည်။

တံတားတန်ပိုဒဏ်ကြေးကို ယခင်က တံတားကြေး၏ ၁၀ ဆသာ ကောက်ခံရာမှ ယခုနှုန်းထားသစ်အရ တန်ပိုဒဏ်ကြေးကို တစ်တန်နှုန်းအဖြစ် တံတားကြေး၏ သုံးဆမှ ၁၀ ဆအထိ ကုန်တင်ယာဉ်အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်လိုက်သဖြင့် ရန်ကုန်မြို့တွင် လှိုင်မြစ်ဖြတ်တံတားများပေါ်မှ ဖြတ်သန်းနေသော ကုန်တင်ယာဉ်များအနေဖြင့် ကုန်တန်ချိန်ပိုမိုတင်ဆောင်ပါက ပေးဆောင်ရမည့် ဒဏ်ကြေးမှာ ယခင်ထက်ပိုများလာနိုင်ကြောင်း၊ သို့သော် အဝေးပြေး ကုန်တင်ကားများမှာမူ တန်ပိုတင်ဆောင်မှု နည်းပါးပြီး ဒဏ်ကြေးပေးဆောင်ရမှုနည်းသဖြင့် ယင်းတန်ပိုဒဏ်ကြေး တစ်တန်နှုန်း သတ်မှတ်မှုမှာ ရန်ကုန်မြို့တွင်းသွား ကုန်တင်ယာဉ်များအတွက်သာ ပိုမိုကုန်ကျနိုင်ကြောင်း ကားဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။

**ခင်ဆိုင်**

## ကုန်တင်ကားကြီးများဘရိတ်စနစ်သတိပြုရန်လိုအပ်

**ပြင်ဦးလွင် ဇန်နဝါရီ ၄**

မန္တလေး- မူဆယ် လမ်းပိုင်းပေါ်ရှိ ပြင်ဦးလွင်-မန္တလေး အဆင်းလမ်းတွင် ကုန်တင်ကားကြီးများ ဘရိတ်ပေါက်ကာ မကြာခဏ တိမ်းမှောက်မှု ဖြစ်ပွားလျက်ရှိသဖြင့် အထူးသတိပြုမောင်းနှင်ရန် လိုအပ်လျက်ရှိကြောင်း ယာဉ်မောင်းများထံမှ သိရသည်။

ပြင်ဦးလွင်မှ မန္တလေးသို့အဆင်း မိုင်တိုင် ၂၅ အနီးမှ စတင်၍ ၁၆ မိုင်အထိ အဆင်းရှည်လျားခြင်း၊ အကွေ့အထပ်များပေါများခြင်းကြောင့် ကုန်တင်ကားကြီးများ ဘရိတ်ရေရှည်အသုံးပြုရသည့်အတွက် ဘရိတ်အပူလွန်ကဲကာ ဘရိတ်ပေါက်ခြင်းများ ကြုံတွေ့နေရခြင်းဖြစ်သည်။

“ မိုင်တိုင် ၂၅ လောက်ကစပြီး ဘရိတ်တွေ ထပ်မံစစ်ဆေးပြီးမှ မောင်းနှင်ဖို့လိုတယ်။ ကားကြီးတွေက ကုန်ဝိတ်တွေလည်းပါတော့ ဂီယာကြီးနဲ့ ဘရိတ်သုံးရတဲ့ အတွက် ၁၆ မိုင် မရောက်ခင်အနည်းဆုံး တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်လောက် ရေဖျန်းဖို့လိုပါတယ်”ဟု ၁၂ ဘီးကား မောင်းနှင်သူတစ်ဦးက ဆိုသည်။

**ကိုနေ(သီပေါ)**

## အမျိုးသမီးများအတွက် ကျောင်းပြင်ပဘေးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်း(ထောက်ကြန့်)တွင် ဇန်နဝါရီ ၂ ရက်က အမျိုးသမီးများအတွက် ကျောင်းပြင်ပဘေးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲအတွင်း အမျိုးသမီးကလေးသင်တန်းကျောင်း(ထောက်ကြန့်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းထွေးက အမှာစကားပြောကြားပြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်အောင်မိုးဦး၊ ဒုရဲအုပ်ဇင်ထွေးဦးနှင့် နယ်ထိန်းရဲတပ်ကြပ် ကျော်လွင်တို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု ဖြစ်ပွားရခြင်း အသိပညာပေးနှင့် အမျိုးသမီးများအတွက် ကျောင်းပြင်ပဘေးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ဇော်(မင်္ဂလာ)**

အခြေခံပညာ အထက်တန်းကျောင်း ကျိုက်လတ်
နှစ် (၅၀) ပြည့် ရွှေရတုအခမ်းအနားနှင့် အာစရိယပူဇော်ပွဲ
Bank Account Number 098 112 000 0816
ဆက်သွယ်စုံစမ်းရန် -
ကျင်းပမည့်နေရာ ။ အခြေခံပညာအထက်တန်းကျောင်း၊ ကျိုက်လတ်။
ကျင်းပမည့်နေ့ရက် ။ မတ်လ (၂၉၊ ၃၀၊ ၃၁) ၂၀၁၅။

၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား/သူများအတွက် . . .
The Examination Guide
တက္ကသိုလ်ဝင်တန်း
မေးခွန်း(၅)စုံနှင့်၊ စံပြအဖြေများ
အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါပြီ။ ဝိပ္ပံတွဲ ၊ သိပ္ပံတွဲ
ဆက်သွယ်မှာကြားရန် ဂုဏ်ထူးမော်ကွန်းစာပေ

MYANMAR SEARCH INT'L
KDU (မြန်မာ) ကောလိပ် ပညာသင်ဆုအများကို MSI မှ ဖိတ်ခေါ်ရွေးချယ်မည်
KDU UNIVERSITY COLLEGE
KDU (မြန်မာ) ၏ Partner Universities:
Keele University
CAMBRIDGE
MSI
MyanmarSearchInternational
www.msieducation.com
09- 5103915, 01- 389915 , 01- 250929



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မိတ္ထီလာ၌ စိုက်ပျိုးရေအပြည့်အဝရရှိရေးအတွက် ရေမြောင်းများပြုပြင်

**မိတ္ထီလာ ဇန်နဝါရီ ၄**

မိတ္ထီလာမြို့နယ် ရှမ်းတဲတိုက်နယ်၊ ညောင်ကိုင်းတိုက်နယ်၊ အလယ်ရွာတိုက်နယ်နှင့် ရှမ်းမငယ်တိုက်နယ်တို့တွင် ကျေးရွာပေါင်း ၃၇၉ ရွာခန့်ရှိပြီး စိုက်ပျိုးရေရရှိနိုင်ရေး ရေမြောင်းများ တိုးချဲ့ပြုပြင်ခြင်း စတင်နေပြီဖြစ်သည်။



မိတ္ထီလာမြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် ရေမြောင်းများကို ပြုပြင်ဆောင်ရွက်စဉ်။

မိတ္ထီလာတောင်ကန်နှင့် မြောက်ကန်မှ ရေမြောင်းများမှာ ဆယ်စုနှစ်ကြာခဲ့သဖြင့် တိမ်ကောပျက်စီးလျက်ရှိပြီး ရေသောက်ဧရိယာ အပြည့်အဝမရရှိဘဲ စိုက်ပျိုးရေအတွက် အခက်အခဲများဖြစ်နေရသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ကာ တောင်ကန်မှ တောမ၊ ထမုန်ကန်ကျေးရွာများသို့ အရှည်ပေ ၄၀၀၀ ရှိ မြောင်းသစ်မြောင်းမှ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခဲ့သဖြင့် ဒေသခံများ အဆင်ပြေနေပြီဖြစ်သည်။

ထို့အပြင် တောင်ကန်မှ တောမ၊ ရုံးတောကြီးကျေးရွာများသို့ အရှည်ပေ ၁၆၄၀၀ ရှိချောက်ပင်မြောင်းအား လည်းကောင်း၊ ညောင်ကိုင်း၊ ပျဉ်သာကျေးရွာများသို့ အရှည်ပေ ၁၄၈၀၀ ရှိ ဥယျာဉ်မြောင်း၊ ခင်လူးနှင့် မောက်လောက်ကျေးရွာများသို့ အရှည်ပေ ၇၆၀၀ရှိ ကန်ကြီးမြောင်းအား လည်းကောင်း၊ ရုန်းတောကြီး၊ ခင်လူးနှင့် ပျဉ်သာကျေးရွာများသို့ အရှည်ပေ ၆၀၀၀ ရှိ မီးချစ်ပုံးမြောင်းအား လည်းကောင်း ပြုပြင်ပေးခဲ့ပြီးဖြစ်သည်။

မိတ္ထီလာဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မန်ကျီးကျေးရွာအုပ်စုသို့ ရေပေးဝေနေသည့် အရှည်ပေ ၂၄၈၀၀ ရှိ ချိုင်းမြောင်းကို လည်းကောင်း၊ လျှော်ဖြူကန်ကျေးရွာအုပ်စုသို့ အရှည်ပေ ၁၂၀၀၀ ရှိ ကုန်းမြောင်း၊ ဇော်ချမ်းကုန်းကျေးရွာသို့ အရှည်ပေ ၁၁၂၆၀ ရှိ ကောက်ကွေ့တောမြောင်း၊ ကဖြူ ရှမ်းတဲကျေးရွာအုပ်စုများသို့ အရှည်ပေ ၂၀၄၀၀ရှိ အလည်မြောင်းအား လည်းကောင်း၊ ကန်သာနှင့် ညောင်ကန်ကျေးရွာအုပ်စုများသို့ အရှည်ပေ ၁၁၆၀၀ ရှိ နွယ်နီအိုင်မြောင်းကို လည်းကောင်း ပြုပြင်လျက်ရှိရာ စိုက်ပျိုးရေ အပြည့်အဝရရှိတော့မည်ဖြစ်သည်။ **တင်လှိုင်(မိတ္ထီလာ)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မြိတ် ဇန်နဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ကလွင်ကျေးရွာအုပ်စုတွင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများကို ဇန်နဝါရီ ၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြိတ်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးအမှုဖြင့် ကွင်းဆက်တရားခံပြေးဖြစ်သူ အောင်စိုးသူသည် မူးယစ်ဆေးဝါးများရောင်းချရန် ရောက်ရှိနေကြောင်း သတင်းအရ မြိတ်ခရိုင် မှုခင်းအကူတပ်ဖွဲ့နှင့် အမှတ်(၁)နယ်မြေရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ အောင်စိုးသူထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ပန်းရောင် ၁၉၈ ပြားနှင့် အစိမ်းရောင် နှစ်ပြားစီပါဝင်သော အိတ်နှစ်လုံး၊ စုစုပေါင်းဆေးပြား ၄၀၀(တန်ဖိုးငွေကျပ်လေးသိန်းကျော်ခန့်)ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး ကိုယ်တိုင်သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန် လက်ဝယ်ထားရှိသူ အောင်စိုးသူအား မြိတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆွေးနွေး

**သီပေါ ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် သီပေါမြို့နယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် သီပေါမြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများတွေ့ဆုံဆွေးနွေးပွဲကို မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းစာပေသင်ကြားရေးဆိုင်ရာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) ဆက်သွယ်ရေးလမ်းများကောင်းမွန်ရေး၊ ပြည်မဒေသနှင့် နမ့်ဆန်၊ နမ္မတူလမ်းကို ဆက်သွယ်ပေးသော နမ့်ပေါချောင်းကူးတံတား(သီပေါ) ပြင်ဆင်ဆောက်လုပ်ရေးကိစ္စ၊ ဒေသတွင်းလမ်းများ မြေသားလမ်းဖောက်လုပ်ရေးနှင့် ကျောက်ချောလမ်းခင်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**


# အရည်အသွေးကောင်း မျိုးသန့်စပါးများ ဝယ်ယူနိုင်ပါသည်





၂၀၁၄ခုနှစ်။ မိုးရာသီတွင် ထုတ်လုပ်သည်။ စိုက်ခင်း (၁)ဧကစိုက်ပျိုးနိုင်သည်၊ မျိုးသန့်(RS)များမှ စိုက်ပျိုးထုတ်လုပ်ထားသည်၊ မျိုးကွဲနှုတ်ပယ်ခြင်း စနစ်တကျပြုလုပ်ထားသည်။ မျိုးစေ့သန့်စင်စက်ဖြင့်သန့်စင်ထားပါသည်။

| | | |
|---|---|---|
| မျိုးသန့်စင်မှု | – | (၉၈)% |
| အပင်ပေါက်ရာနှုန်း | – | (၉၀)% |
| အစိုဓါတ်ပါဝင်မှု | – | (၁၃)% |

(၁. ၅)တင်းဝင်(၃၁. ၃၆ ကီလိုဂရမ်)နှင့်(၁. ၂)တင်းဝင်(၂၅ကီလိုဂရမ်)အိတ်နှစ်မျိုးအနက် ကြိုက်နှစ်သက်ရာ ဝယ်ယူနိုင်ပါသည်။

ဈေးနှုန်း

(၁. ၅)တင်းဝင် တစ်အိတ် ကျပ် (၁၀,၀၀၀/-)
(၁. ၂)တင်းဝင် တစ်အိတ် ကျပ် ( ၈,၀၀၀/-)

ဆက်သွယ်ရန်လိပ်စာ (၁) GOLD DELTA CO.,LTD (ရန်ကုန်-ရုံးချုပ်)
အမှတ်(၁) တနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၁-၆၁၇၂၂၉
ဖက်(စ်) - ၀၁-၆၁၇၂၂၈
(၂) GOLD DELTA CO.,LTD (နေပြည်-ရုံးခွဲ)
တန်(၁၀၀)ဆန်စက်ဝန်း၊ ရေတွင်းကုန်းကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ ဖုန်း-၀၄၆-၂၅၀၂၁၊ ၀၉-၈၅၇၃၅၇၈၊ ၀၉-၈၆၁၅၀၆၄

ကြော်ငြာ

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ စီးပွားရေး၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ၊ သတင်းအတတ်ပညာ၊ လုပ်ငန်းသုံးအင်္ဂလိပ်စာ)။

(၂) **သိပ္ပံဘွဲ့များ** (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဇီဝဗေဒ၊ စာရင်းအင်းပညာ၊ ကုန်ထုတ်ဓာတုဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ မိုးလေဝသ၊ ဇလဗေဒ)။

(၃) **ဥပဒေဘွဲ့**။

(၄) **နိုင်ငံခြားဘာသာဘွဲ့များ** (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း နှင့် အခြားနိုင်ငံခြားဘာသာစကားဆိုင်ရာဘွဲ့များ)။

(၅) **အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာဘွဲ့များ** (ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်)။

(၆) **စီးပွားရေးဘွဲ့များ** (ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ ဝါဏိဇ္ဇဗေဒ၊ စီးပွားရေးစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု)။

(၇) **ကွန်ပျူတာဘွဲ့များ** (ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာ)။

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိလည်းကောင်းလျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်း ခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)** ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅၇၅**

ဦးမျိုးမင်းပိုင် **နှင့်** ဦးလှလွန်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တောင်ငူ(၁၃) လမ်း၊ အမှတ် ၃၁၆နေ ဦးလှလွန် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇန်နဝါရီ၁၉ရက် (၁၃၇၆ခုနှစ် ပြာသိုလကွယ်နေ့)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**

## စေ့စပ်ကြောင်းလမ်းမှုဖျက်သိမ်းခြင်း

မြောင်းမြမြို့၊ မြောက်ပိုင်း၊ အမှတ်(၂)ရပ်ကွက်၊ (၂)လမ်း၊ အိမ်အမှတ် ၃၆နေ ဟာဂျီဦးမြဝင်း(ခ)ဟာနီးဖ်-ဟာဂျီမဒေါ်ရှဟီဒါ(ကောင်းထက်-ကားလုပ်ငန်း)တို့၏ သားဖြစ်သူ ဟာဂျီဆိုဟယ်(ခ)မောင်သက်ပိုင်ဝင်းနှင့် ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ ဗလီကြီးနောက်လမ်း၊ အိမ်အမှတ် ၁၅နေ ဟာဂျီဟာနီးဖ်-ဒေါ်ဟမီဒါတို့၏သမီး ကျွန်မဆိုဖီယာ(ခ)မအိအိဖြိုးတို့သည် ၅-၁၂-၂၀၁၄ရက်တွင် ပုသိမ်မြို့၌ နှစ်ဖက်လူကြီး မိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ပြီးဖြစ်ပါသည်။

ဟာဂျီဆိုဟယ်(ခ)မောင်သက်ပိုင်ဝင်းသည် ယခုအခါ ကျွန်မနှင့်မိဘများ ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူသွားပါသဖြင့် စေ့စပ်ကြောင်းလမ်းမှုကို ယနေ့မှစ၍လုံးဝ(လုံးဝ) ဖျက်သိမ်းလိုက်ပါကြောင်း။

**ဆိုဖီယာ(ခ)မအိအိဖြိုး**
**၁၄/ပသန(နိုင်)၂၉၁၉၂၂**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၉၂၆၄၄ ယာဉ်လက်ဝယ်ရှိသူ ဦးဘဲနဒစ်စံမြင့် ၁၃/လလန(နိုင်)၀၆၆၉၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊မြေကွက်အမှတ်၇၅၅၊ မြေကွက်တည်နေရာအမှတ် ၇၅၅၊ ၁၈လမ်း၊ ၄ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် [ဦးကူးပေါင်း(ခ)ဦးလှရွှေ၊ ဒေါ်ကျင်လှ] အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ခင်ပွန်းဦးကူးပေါင်း(ခ)ဦးလှရွှေ]ကွယ်လွန်သဖြင့် ၎င်းအစုကို ဒေါ်မြသန်း ၁၂/ဥကတ(နိုင်)၀၃၂၉၉၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကျင်လှနှင့် ပူးတွဲပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးဇော်လင်း-ဒေါ်သန်းသန်းထွေးတို့၏ သမီး အလက(လောခမ)၊ ဆဋ္ဌမတန်းမှ မသျှင်လင်းသန့်အား ယနေ့မှစ၍ မလင်းမွန်မွန်သန်းဟု ပြောင်းလဲခေါ်ပါရန်။

**မလင်းမွန်မွန်သန်း**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁ | ကန်ထရိုက်တာဦးမြင့်သိန်း ၁၂/ပဘတ(နိုင်)၀၂၁၉၈၉ (မှ)<br>ဦးမြင့်ဦး ၁၂/ပဇတ(နိုင်)၀၂၀၁၃ (မှ) | ဒေါ်လှိုင်လှိုင် ၁၂/ကတတ(နိုင်)၀၂၂၆၀၄ | တိုက်အမှတ်(၃၆၅)၊၈-လွှာ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတား |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ စွယ်တော်လမ်းနေ ကျွန်တော် ဦးစိန်ဖေ PAN-086221 ၏သား ခွန်မြင့်ထွေး ၃/ဘအန(နိုင်)၁၆၂၄၄၃သည် ဖခင်၏ဆိုဆုံးမစကားကို မနာခံဘဲအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ အစ်မများကိုလည်း ခြိမ်းခြောက်ခြင်း၊ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းတို့ကြောင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်- ဦးစိန်ဖေ PAN-086221**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ပျို (တန့်ဆည်)**
**ငွေဟသာ်ဆန်စက်၊ ဆီစက်**
**အသက် (၉၁)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တင်းတိမ်ရံနေ (ဦးကျားကြီး-ဒေါ်မဲ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၅(L)နေ (ဦးကျော်မင်း)၏ဇနီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း၊ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးတင်မြင့်-ဒေါ်ခင်မာရီ၊ (ဦးပြည်စိုး)-ဒေါ်ထိုက်ထိုက်ဖြိုး၊ ဦးမောင်မောင်လွင်-ဒေါ်သိမ့်သိမ့်စိုး၊ ဦးဝင်းဦး-ဒေါက်တာချိုချို (တွဲဖက်ပါမောက္ခ URC, YU)၊ ဦးမျိုးဝင်းနိုင်- ဒေါ်နုနုယဉ်တို့၏ မိခင်ကြီးသည် ၂၇-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၀၀း၁၀နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ရွှေ**
**ခင်ဦးမြို့နယ် မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်**
**ဦးအောင်ကျော်ဦး**
**ရေဦးမြို့နယ် မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်**
**စစ်ကိုင်းတိုင်းဒေသကြီး**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ပျို (တန့်ဆည်)**
**အသက် (၉၁)နှစ်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ မိခင် ဒေါ်ပျိုသည် ၂၇-၁၂-၂၀၁၄ရက် (စနေနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ခင်ရွှေမိသားစု**
**ဇေကမ္ဘာကုမ္ပဏီလီမိတက်**

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၅၈**

**ကွယ်လွန်သူ ဒေါ်သိန်းကြွေ ကျန်ရှိသောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

ဒေါ်မြင့်ကြည် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ၆လမ်း၊ အမှတ်-၆၆၇ နေ လျှောက်ထားသူ ဒေါ်မြင့်ကြည်အား ကွယ်လွန်သူ ဒေါ်သိန်းကြွေ ကျန်ရှိရစ်သော "ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စ၊ လူနေရပ်ကွက်အမှတ်၊ မြေကွက်အမှတ်-၆၆၇/၂၊ အကျယ် ပေ(၂၀×၆၀)၊ နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ်-၆၆၇/၂၊ သန္တာ ၆လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်"အား အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ပြီးဖြစ်၍ ယင်းအမွေထိန်းလက်မှတ်စာပါပစ္စည်းအား အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ပြုသည့် အမိန့်ချမှတ်ပေးပါရန် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုကွယ်လွန်သူ ဒေါ်သိန်းကြွေ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့သည် ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ ရက်၊ နံနက် ၁၀ နာရီတွင် လာရောက်ဆိုင်ဆိုရန် ချိန်းဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်စုံတစ်ရာမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြင့်ကြည်၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီး ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည် ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မေမီဝင်းရွှေ (တ/၁၉၇၂)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကုတ်မြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၈**

မတိုးတိုးအေး **နှင့်** ၁။ ဦးထွန်းထွန်းလင်း
၂။ ဒေါ်မြင့်မြင့်ဌေး
**တရားလို** **တရားပြိုင်များ**

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ ကြိုးကြာကွင်းကျေးရွာအုပ်စု၊ ပြည်-တောင်ကုတ်လမ်း၊ ကြက်ခြံနေ (၁)တရားပြိုင် ဦးထွန်းထွန်းလင်း၊ (၂)တရားပြိုင် ဒေါ်မြင့်မြင့်ဌေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အရောင်းအဝယ်စရန်ပေးကတိစာချုပ်အတိုင်း ကျန်ငွေသိန်း(၃၀)ကျပ်ကို လက်ခံရယူပြီး အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးကာ အိမ်နှင့်မြေအား လက်ရောက်ရလိုမှု(သို့မဟုတ်) စရန်ငွေကျပ်သိန်း ၇၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၆ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းသိန်းဌေး)**
**မြို့နယ်တရားသူကြီး**
**တောင်ကုတ်မြို့နယ်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**
**အမှုဆောင်ဒါရိုက်တာ- ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)**
**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း) အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**
**အမှုဆောင်ဒါရိုက်တာ- ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)**
**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း) အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက် (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**
**စီမံခန့်ခွဲရေးဌာန-ရုံးချုပ်**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**
**အမှုဆောင်ဒါရိုက်တာ- ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)**
**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း) အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက် (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**
**ချေးငွေဌာန-ရုံးချုပ်**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**
**အမှုဆောင်ဒါရိုက်တာ- ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)**
**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း) အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက် (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**
**ဝန်ထမ်းရေးရာနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ရုံးချုပ်**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**
**အမှုဆောင်ဒါရိုက်တာ- ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)**
**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း) အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက် (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**
**စာရင်းနှင့်ဘဏ္ဍာရန်ပုံငွေ စီမံခန့်ခွဲရေးဌာန-ရုံးချုပ်**
**ကမ္ဘောဇဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းစိုး**
**အမှုဆောင်ဒါရိုက်တာ- ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)**
**အသက်(၇၅)နှစ်**

ဦးသန်းစိုး၊ အမှုဆောင်ဒါရိုက်တာ-ကမ္ဘောဇဘဏ်လီမိတက်၊ အထွေထွေမန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း) အသက် (၇၅)နှစ်သည် ၂-၁-၂၀၁၅ ရက် (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးသန်းစိုး ကောင်းရာသုဂတိလားပါစေ။

**အရာထမ်း/ဝန်ထမ်းများ**
**လုံခြုံရေးနှင့်သတင်းစုဆောင်းရေးဌာန-ရုံးချုပ်**
**ကမ္ဘောဇဘဏ်လီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅H၊ မြေကွက်အမှတ် ၉၉၊ မြေကွက်တည်နေရာအမှတ် ၁၀၊ ဗိုလ်ထွန်းလင်းလမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်သိန်းတင်၊ ဦးကျော်ဇံဦးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (မိခင်)ဒေါ်သိန်းတင်နှင့် (ဖခင်)ဖြစ်သူဦးပါတို့ အသီးသီး ကွယ်လွန်သဖြင့် ဦးစိန်မြင့် ၁၂/ဗဟန(နိုင်)၀၄၀၅၉၄ မှတစ်ဦးတည်းသော သားအရင်းဖြစ်ကြောင်းတင်ပြ၍လည်းကောင်း ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ (ဖခင်) ဦးကျော်ဇံဦးနှင့်(မိခင်)ဒေါ်တင်နုတို့ကွယ်လွန်သဖြင့် ဒေါ်ခင်စောဦး ၁၂/လမန(နိုင်)၀၁၉၇၆၁၊ ဦးနေထွန်း ၁၂/ဗဟန(နိုင်)၁၀၄၃၉၈၊ ဒေါ်ခင်ဦးကြီး ၁၂/ဗဟန(နိုင်)၀၄၄၂၆၇၊ ဦးကြီးမောင် ၁၂/ဗဟန(နိုင်)၀၄၄၀၆၀ တို့မှ သား/သမီးအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ထား** (ချောက်)

**အထက(၁)ချောက်**

**အသက်(၉၆)နှစ်**

ဦးရဲမြင့်(ပါမောက္ခ၊ ငြိမ်း)၊ ဒေါ်ခင်ဝင်းကြည် (ပါမောက္ခ၊ ငြိမ်း)တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ထားသည် ၃၁-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ကာယပညာမိတ်ဆွေများဖြစ်ကြသော ဦးအုန်းခင်၊ ဦးအုန်းမြင့်တို့နှင့် ကာယပညာတပည့်များဖြစ်ကြသော ဦးမဲအောင်၊ ဦးထွန်းကြည်၊ ဦးညွန့်ဝင်း၊ ဦးကျော်ဒွေး၊ ဦးလှထွန်း၊ ဦးသန်းအောင်၊ ဦးသန်းကျော်၊ ဒေါ်ခင်မြသက်၊ ဒေါ်ခင်မြခက်၊ ဒေါ်ခင်သန်းနွယ်၊ ဒေါ်စောရွှေဘု၊ ဒေါက်တာဒေါ်ဌေးခင်၊ ဒေါ်သီတာလှိုင်**

ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ထား** (ချောက်)

**အထက(၁)ချောက်**

**အသက်(၉၆)နှစ်**

ဦးရဲမြင့် (ပါမောက္ခ၊ ငြိမ်း)၊ ဒေါ်ခင်ဝင်းကြည် (ပါမောက္ခ၊ ငြိမ်း)တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ထားသည် ၃၁-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပညာတန်ဆောင်မှ မိတ်ဆွေများနှင့် တပည့်များ**

ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွဋ်** အသက်(၃၄)နှစ်

**(ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်းမြို့)**

ဝမ်းတွင်းမြို့နေ ဒေါ်မိုးမိုး၏ခင်ပွန်း၊ မောင်ရှိုင်းထွဋ်အောင်၊ မောင်မင်းထွဋ်အောင်၊ မောင်ဟိန်းထွဋ်အောင်တို့၏ဖခင်၊ တာဝန်သိတတ် တာဝန်ကျေပွန်သော၊ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်သော ဦးဉာဏ်ထွဋ်(ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန၊ ဝမ်းတွင်း)သည် ၃-၁-၂၀၁၅ရက်တွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်**

# တစ်ပြည်လုံးတွင် ညအပူချိန်များ တိုးနေမည်

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ ဟားခါးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြပါသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ သာယာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်တိုးနေမည်။

**(မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)**

# သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်စော (ကွမ်းခြံကုန်းမြို့)**

**အသက်(၉၆)နှစ်**

ကွမ်းခြံကုန်းမြို့၊ မြို့မပိုင်းနေ (ဦးရွှေခိုင်-ဒေါ်ရီ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် ၆၊ သံလမ်းနေ ဦးအောင်မြင့်၏ ဇနီး၊ ဦးအောင်မြတ်ကျော်(ဦးစီးအရာရှိ၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်စမ်းစမ်း(ဆည်မြောင်းဦးစီးဌာန)၊ ဦးစိန်တင်ဝင်း(ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ)-ဒေါ်သင်းသင်းမြ(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရှေ့နေချုပ်ရုံး)၊ ဦးမောင်ကောင်း-(ဒေါ်စန္ဒီအောင်)၊ (ဦးနိုင်အောင်ထွန်း၊ လဝကဦးစီးအရာရှိ)-ဒေါ်ခင်ခင်ထက်(ဒုလဝကမှူး၊ လှိုင်မြို့နယ်၊ လဝကရုံး)၊ (ဦးအောင်ချွန်)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၃-၁-၂၀၁၅ရက် ညနေ ၅း၀၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (လှိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်စော (ကွမ်းခြံကုန်းမြို့)**

**အသက်(၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း-ဒေါ်သင်းသင်းမြ (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရှေ့နေချုပ်ရုံး)တို့၏မိခင်ကြီး ဒေါ်ခင်စော(ကွမ်းခြံကုန်းမြို့)သည် ၃-၁-၂၀၁၅ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်ဇင်-ဒေါ်အေးအေးခိုင်(ဦးဆောင်ညွှန်ကြားရေးမှူး)**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဝန်ထမ်းမိသားစုများ**

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

**ဒေါ်ခင်မေအေး** (မင်းလှယောဂီ)

**အသက်(၈၇)နှစ်**

မင်းလှဓမ္မရိပ်သာ(ဗဟန်း)ယောဂီ ဒေါ်ခင်မေအေးသည် ၂-၁-၂၀၁၅ရက် (သောကြာနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဓမ္မမိတ်ဆွေယောဂီများ**
**မင်းလှဓမ္မရိပ်သာ**
**(ဗဟန်း)**

ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

**ဒေါ်ခင်ထွေး** (ကျောင်းဆရာမ၊ ငြိမ်း)

**(အောင်လံမြို့)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ စကားဝါ ၂လမ်း၊ E-13 နေ (ဦးစွမ်း-ဒေါ်သိန်းတင်)တို့၏သမီးထွေး၊ (ဦးပြုံး-ဒေါ်ပုလေး)တို့၏သမီးချွေးမ၊ ဦးတင်ထွေး၏ဇနီး၊ ကိုသိန်းကျော်-မစန်းစန်းဦး၊ ကိုရဲအောင်ထွေး-မစန္ဒာဝေ၊ ကိုတင်ဝင်း-မမြတ်မြတ်ထွေး၊ ကိုမျိုးဇော်-မနီနီထွေး၊ ကိုရဲနောင်ထွေး-မခင်မာဝင်း၊ ကိုကျော်စွာဦး-မခင်မို့မို့ထွေးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၄-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၅ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်ထွန်း (မုံရွာ)**

**အသက်(၅၅)နှစ်**

မုံရွာမြို့၊ ဘုရားကြီးရပ်၊ တရုတ်တန်းလမ်း၊ အမှတ် ၇နေ (ဦးစိုးတင့်-ဒေါ်ခင်တီ)တို့၏သား၊ ဒေါ်ဝင်းမာ၏ချစ်လှစွာသောခင်ပွန်း ဦးဉာဏ်ထွန်းသည် ၂-၁-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် ဦးနှောက်နှင့် အာရုံကြောဌာန၊ ပြည်သူ့ဆေးရုံကြီး(မန္တလေး)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်းများ-

**စိုးဝင်းထွန်း၊ ရန်နိုင်ထွန်း၊ ဇော်ဝင်းသန်း၊ အောင်စံဖြူ၊ သက်မြင့်**

**ဦးကျော်လင်း**

**ရန်ကုန်တိုင်းတရားသူကြီး(ငြိမ်း)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျိုက္ကဆံလမ်း၊အမှတ် ၂၂၅၊ လေးလွှာနေ(ဦးစိန်ဝင်း-ဒေါ်ကျင်ခ)တို့၏သားကြီး၊ ဒေါ်ဝါဝါအေး (ကျောက်မျက်ကော်ပိုရေးရှင်း၊ငြိမ်း)၏ခင်ပွန်း၊ဗိုလ်ကြီးထက်နိုင်ထွန်း (ငြိမ်း)-ဒေါက်တာယဉ်ယဉ်မင်း (အထူးကုဆရာဝန်၊ အကြောအဆစ်)၊ ဦးထိန်လင်းဦး - ဒေါက်တာကလျာလင်း (ဩစတြေးလျ)တို့၏ ဖခင်ကြီး၊ မောင်ခန့်ကျော်ဇော (ရဲကျောင်း၊ မကွေး)၊ မစန္ဒြာလင်းစိုး(ဩစတြေးလျ)တို့၏အဘိုးသည် ၄-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးအောင်ကိုကို**

**(မအူပင်)**

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကျိုက္ကဆံရပ်ကွက်၊ကြောင်မျက်ရှင်လမ်း၊ အမှတ် ၂၉ (မြေညီထပ်)နေ (ဦးဟန်စိန်)-ဒေါ်စန်းရင်တို့၏သားကြီး၊ ကိုမောင်ဝင်း-မချိုမီမီဟန် (မချိုဆေးဆိုင်၊ မင်္ဂလာဈေး)၊ ကိုညီညီ-မယုဝေဝေဟန်(NEO မြန်မာဆေးဆိုင်)တို့၏အစ်ကို၊ မစန္ဒာအောင်(Media Myanmar Co.,Ltd.)၏ခင်ပွန်းသည် ၃-၁-၂၀၁၅ရက်(စနေနေ့) ညနေ ၆း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကျင်(ခ)**
**အောင်ကင်ချမ်း**

**အသက်(၉၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၆၃ G နေ[ဦးရန်နား(ခ)ဦးသိန်းရွှေ]၏ဇနီး၊ (ဦးအောင်လင်း-ဒေါ်ခင်ဝါဝါ)၊ (ဦးသန်းအောင်)-ဒေါ်ခင်သက်လွင်၊ ဒေါက်တာသိန်းဝင်း-ဒေါ်ခင်ယုလွင်၊ ဦးမောင်မောင်စိန်-ဒေါက်တာယဉ်ယဉ်စိန်၊ ဦးအုန်းသွင်-ဒေါ်ခင်နှင်းလွင်၊ ဦးမင်းစိန်-ဒေါ်ခင်စန်းလွင်၊ ဦးသိန်းဝင်း-ဒေါ်ခင်မာလွင် (USA)၊ ဦးမောင်မောင်ကြည်-ဒေါ်ချိုမော်မော်ဦး၊ ဦးအောင်နိုင်-ဒေါ်မြမြဝင်းတို့၏ချစ်လှစွာသောမိခင်၊မြေး ၂၁ ယောက်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၄-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ရှင်၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ယဉ်ယဉ်သွယ်(ခ)**

**ဒေါ်ခင်ထွေး B.A, DMA**

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ပုဇွန်တောင်၊ညောင်တန်းနေ (ဆရာကြီး ဦးဘိုးလှိုင်-ဒေါ်ငြိမ်း)တို့၏သမီးထွေး၊ (ဦးကျော်စိန်-ဒေါ်လှယဉ်)၊ (ဦးထွန်းရှိန်)-ဒေါ်အေးကြွယ်၊ [ဦးသိန်းဟန် (ဦးသာသန-သာသနဒီပ သဲအင်းဂူ၊ တိုက်ခွဲ)-ဒေါ်ညွန့်ရီ]၊ (ဦးသီဟ-ဒေါ်လှကြည်)တို့၏ညီမထွေး၊ တူ၊ တူမ ၂၄ယောက်၏တို့အဒေါ်၊ မြေး ၄၀၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၄-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[မင်္ဂလာတောင်ညွန့်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၅၂(မြေညီ)နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ရှင်၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ယဉ်ယဉ်သွယ်(ခ)**

**ဒေါ်ခင်ထွေး B.A, DMA**

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ပုဇွန်တောင်၊ညောင်တန်းနေ (ဆရာကြီး ဦးဘိုးလှိုင်-ဒေါ်ငြိမ်း)တို့၏သမီးထွေး၊ (ဦးရဲမြင့်-ဒေါ်သန်းသန်းအေး၊ ကုန်သွယ်/လယ်ယာ)၊ ဒေါ်မြင့်မြင့်စိန် (စက်မှု၊ ဆေးဝါး)၊ ဒေါ်ကြည်ကြည်ရှိန် (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ (ဦးမြင့်သန်း) - ဒေါ်ချိုချိုစိန်၊ (ဦးငွေစိုး-ဒေါ်လှဌေး)၊ (ဦးရဲထွဋ်)၊ (ဦးမျိုးဟန်)၊ ဒေါ်ရီရီရှိန် (ထ-၃၊ သာကေတ၊ငြိမ်း)၊ဒေါက်တာတင်ညွန့်-ဒေါ်ခင်ခင်ကြီး၊ ဒေါ်လီလီရှိန် (စက်မှုဆေးဝါး၊ ငြိမ်း)၊ ဒေါ်ခင်ခင်လေး၊ ဦးအေးထွန်း-ဒေါ်ဥမ္မာ၊ (ဒေါ်ကေသီဟန်)-ဦးစိုးမြင့်၊(ဦးတင့်ဟန်)၊ ဦးတင်ထွဋ်-ဒေါ်ချိုချို၊ ဦးသက်ထွန်း-ဒေါ်မြတ်သုတ၊ ဦးမျိုးထွဋ်၊ (ဦးအေးဟန်)-ဒေါ်ရီရီမြင့်၊ (ဦးသော်တာဟန်)၊ ဦးကျော်ကျော်ဟန်-ဒေါ်ခင်မမ၊ ဦးဝေဖြိုးဟန်-ဒေါ်ဝင်းသန်း၊ ဒေါ်ခင်ခင်ထွေး၊ ဦးတိုးဟန်တို့၏အဒေါ်၊ မြေး ၄၀၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၄-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၀၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[အမှတ် ၁၅၂ (မြေညီ)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တသုမင်္ဂလ မဟာထေရ်**

**(မိုးကုတ်ကျောင်း)**

**သက်တော်(၉၀)၊ သိက္ခာတော်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ မိုးကုတ်ကျောင်း၊ ပဓာနနာယကဆရာတော်သည် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၁၄ရက်) ၃-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်) ၇-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

တပည့် ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးအောင်ထူး**(ထားဝယ်) **အသက်(၈၈)နှစ်**

**မြေတိုင်းအင်ဂျင်နီယာ(ငြိမ်း)၊ မြန်မာ့ရေနံလုပ်ငန်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သမိန်ဗရမ်းလမ်း၊ (၃၇)ရပ်ကွက်၊ အမှတ် ၂၃၈နေ (ဦးဘသင်း-ဒေါ်ဖွားသင်)တို့၏သား၊ (ဒေါ်စန်း)၊ ဦးထွန်းကြည်-ဒေါ်ခင်စောမူတို့၏အစ်ကိုကြီး၊ ဒေါ်အေးအေးလှ(မြန်မာ့ရေနံ)၊ (ဒေါ်အေးအေးမြ)၊ ဦးထွန်းထွန်းဦး (ဗိုလ်မင်းဗိုလ် ဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်အေးအေးကြွယ်(အထပြ၊ ငြိမ်း)၊ ဦးအောင်ဆွေ(FAO)-ဒေါ်အေးအေးသန်း (သီးနှံကာကွယ်ရေး)၊ (ဒေါ်မြမြသန်း)တို့၏ဖခင်၊ ဦးတင်ထွန်းဦး (မန္တလေးစည်ပင်)တို့၏ဘကြီး၊ ဒေါက်တာရည်မွန်ဖြိုး၊ မမေဖြိုးသူ၊ မသံသာနှင်းထက်၊ မဝင့်ဝါဖြိုးတို့၏အဘိုးသည် ၃-၁-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးအောင်သူ** (ကမာကဆစ်)

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းမြောက်၊ အရှေ့ရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် ၇၆၊ ငါးလွှာ(B)နေ(ဦးချိန်ဝမ်-ဒေါ်ကြင်နု)တို့၏သားထွေး၊ ဒေါ်နုနုရီ (အထက-၁၊ ဒဂုံ၊ ငြိမ်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမျိုးခိုင် (အခြေချစစ်ဗျူဟာမှူး)-ဒေါ်အိကေခိုင်၊ ဦးမြတ်မင်းမောင်-ဒေါ်ဖြူဖြူအောင် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့ ဖခင်၊ မောင်သန့်စည်သူအောင်၊ မရီမွန်အောင်၊ မမြတ်မွန်အောင်၊ မောင်မြတ်သူအောင်တို့၏အဘိုးသည် ၃-၁-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်သည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**(ခနဖြူမြို့နယ်အသင်း သက်ကြီးကန်တော့ခံ)**

**ဒေါ်သန်းကြည်**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၆လမ်း၊ အမှတ် ၄၇၀/ကနေ(ဦးသိန်းရွှေ)၏ဇနီး၊ဦးသိန်းလွင်-ဒေါ်တင်တင်ဝင်း၊(ဦးကြည်ဝင်း-ဒေါ်အေးသန်း)၊ (ဦးမြင့်အောင်-ဒေါ်ခင်ဌေးဝင်း)၊ ဦးအောင်ဝင်း-ဒေါ်မြမြသန်း၊ ဦးမြင့်ဆွေ-ဒေါ်ဌေးဌေးဝင်း (အမက-၁၊မြောက်ဥက္ကလာပမြို့နယ်)၊ ဦးငွေဌေး-ဒေါ်ဝင်းဝင်းခင်၊ ဦးကိုကိုနိုင်-ဒေါ်ထွေးထွေးမြင့်၊ ဦးနိုင်နိုင်ဇော်-ဒေါ်စန်းမြင့်မော်၊ ဦးလှိုင်အေး-ဒေါ်သီတာထွေးတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၄-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး

**ဒေါ်ခင်ဝင်းကြည်** (ပဲခူး)

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ (၄)ရပ်ကွက်၊ အမှတ် ၁၃၆၊ အခန်း ၆နေ (ဦးစန်ကျော်-ဒေါ်ဖွားကျင်)တို့၏သမီး၊ (ဦးကျော်ဌေး)၏ဇနီး၊(ဦးကြီးရွှေ-ဒေါ်လှရီ)တို့၏အစ်မ၊ (ဦးအောင်ကြဲ) - ဒေါ်မြင့်မြင့်ကြည်တို့၏ညီမ၊ ဦးအောင်ကျော်ဦး-ဒေါ်ဝင်းဝင်းဌေး၊ ဦးမျိုးစန်-ဒေါ်သန္တာ(USA)တို့၏မိခင်ကြီး၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၄-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဒေါ်စန်းညွန့်** (မော်လမြိုင်)

**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃) ရပ်ကွက်၊ဗိုလ်စောအောင်လမ်း၊အမှတ် ၀/၁၁၂နေ (ဦးစံဖေ-ဒေါ်တင်)တို့၏ သမီး၊ [ဗိုလ်ကြီးထွန်းရီ(ငြိမ်း)]၏ဇနီး၊ ဦးမင်းသိန်းထွန်း၊ ဦးကျော်ဆန်းထွန်း-ဒေါ်သီတာ၊ ဦးတင်အောင်ထွန်း(အောင်ချမ်းသာ ရပ်ကွက်အုပ်ချုပ်ရေးမှူး)-ဒေါ်ခိုင်ခိုင်ဦး(ဗိုလ်တထောင် လဝက)၊ ဦးဇော်မင်းထွန်း (ခ) ဦးဇော်လွင်ဦး-ဒေါ်မာဆွေလင်း၊ ဦးညီညီထွန်း(လ/ထ မန်နေဂျာ၊ A.G.D လမ်းမတော်ဘဏ်ခွဲ)တို့၏မိခင်၊ မထက်နန္ဒီကျော်၊ မောင်အာကာကျော်၊ မမိုးချမ်းမြေ့ခင်တို့၏ အဘွားသည် ၄-၁-၂၀၁၅ရက် နံနက် ၁၁နာရီတွင်ကွယ်လွန်သွားပါ၍ ၆-၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်
အမိန့်တော်ခံယူခြင်း

**အဗ္ဗဒူရဟင်(ခ)ဂနီ(ခ)**
**ဦးဇော်လင်းထွန်း**

**ဒုတိယဥက္ကဋ္ဌ**
**(သဃ်န်းကျွန်းဂျာမေ/ပတ်ကားဗလီ)**

**အသက်(၄၈)နှစ်**

(ဦးထွန်းဝင်း-ဒေါ်တင်တင်အေး) တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ လုပ်သားလမ်း(ဂဖူးလမ်း)၊ အမှတ် ၅ နေ (ဦးမင်းအောင်) - ဒေါ်ခင်ရီ(ခ) လိုင်လာဘီဘီဂျန်တို့၏ သားသမက်၊ ဒေါ်ခင်ဆွေနှင်း၏ခင်ပွန်း၊ မောင်ကောင်းဇော်လင်းထွန်း၊ မောင်သက်တန့်လင်းထွန်း(AIT)၊ မဖူးနွယ်လင်းထွန်း(Grade-X၊ N-3 ဘော်ဒါ)တို့၏ ဖခင်၊ ဒေါ်စန္ဒာအေးဝင်း - ဦးစိုးစိုးဦးတို့၏အစ်ကို၊ ဒေါ်တင်ဦးခိုင်-ဦးမောင်မောင်၊ ဦးရဲမင်း-ဒေါ်ဟံသာထွန်းလှကြင်၊ ဒေါ်လှမိုးသူ၊ ဦးဟန်ထွန်းအောင် (ခေတ္တ-ဂျာမဏီ)၊ ဒေါ်သင်းသင်းထွေး-ဦးကက်နက်ပီလေးတို့၏မောင်/အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ ဦးလေးသည် ၃-၁-၂၀၁၅ရက် နံနက် ၂း၄၅နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၁၅နာရီတွင် ရေဝေးဥယျာဉ်တော်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် *စာမျက်နှာ ၁၀ ကော်လံ ၁* ■



၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်၌ ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်စဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)


ယူနန်တွင် နှစ် ၆၀၀ သက်တမ်းရှိမျှော်စင် မီးလောင်ကျွမ်းမှုကြောင့် ပျက်စီး စာမျက်နှာ » ၄

ကျွန်တော်နဲ့ သင်တန်းများ ဆောင်းပါး စာမျက်နှာ » ၆

အင်ဒီမာရေး ကမ္ဘာ့တင်းနစ်ချန်ပီယံရှစ်ပလားဆွတ်ခူး စာမျက်နှာ » ၁၃

သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအပြောပြော စာမျက်နှာ » ၁၅


## နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်း စုဆောင်း၍ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်

သတင်း ➤ စာမျက်နှာ-၁၁

## ကချင်ပြည်နယ်မြို့ကြီးများ၌ အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်မည်

**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရန်နှင့် ခရီးသွားပြည်သူများအား အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်အတွင်း မြို့ပေါင်း ခုနစ်မြို့၌ အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်ပေးရန်စီစဉ်နေပြီဖြစ်သည်။

ကချင်ပြည်နယ်အတွင်း ယာဉ်ရပ်နားစခန်း တည်ဆောက်မည့် မြို့ကြီးခုနစ်မြို့မှာ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း၊ ရွှေကူ၊ မိုးညှင်း၊ ဖားကန့်နှင့် တနိုင်းမြို့တို့ဖြစ်ကြပြီး မြစ်ကြီးနားမြို့တွင် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်မှု စတင်ပြုလုပ်နေပြီဖြစ်သည်။

**သတင်း-ဝေယံဦး**

လမ်းပန်း ဆက်သွယ်ရေးအရ မြစ်ကြီးနားမြို့သို့ လေကြောင်းခရီးစဉ်၊ ရထားနှင့် မော်တော်ကားခရီးစဉ်များဖြင့် လာရောက်နိုင်သည်ဖြစ်ရာ *စာမျက်နှာ ၅ ကော်လံ ၁* ◆

### ထူးခြားသည့်ညအပူချိန်များ ၄-၁-၂၀၁၅

| | |
|---|---|
| ပူတာအိုမြို့ | ၈ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၈ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၉ ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | ၉ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၉ ဒီဂရီစင်တီဂရိတ် |







မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။